# ရှင်ဥပဂုတ် [illegible]

ယခုတိုင် သက်တော်ထင်ရှားရှိလျက်

တန်ခိုးဣဒ္ဓိပါဒ်ကြီးသဖြင့် မာရ်နတ်သားပင်

အရှုံးပေးရခြင်း

နိရောဓသမာပတ်မှ ထတော်မူ၍

ဆွမ်းခံတော်မူရာ တွေ့ကြုံလှူဒါန်းကြရသောသူတို့မှာ

ဣဒ္ဓအကျိုးခံစားရခြင်းအားဖြင့် ထူးခြားသည့်

ရဟန္တာတပါးဖြစ်သော

# ရှင်ဥပဂုတ်

# အတ္ထုပ္ပတ္တိ


ရေးသူ "ပဒ္ဓမကျော် ဦးကဝိ"

(မူပိုင်-ငမောင်သိမ်း)



ထုတ်ဝေရာဌာန

## ကျောင်း-ပိဋကတ်စာအုပ်ဆိုင်

အမှတ် ၅၇-၅၈ ရွှေတိဂုံဘုရား၊ အရှေ့ဘက်မုခ်

ရွှေဂုံတိုင်စာတိုက်၊ ရန်ကုန်မြို့

(ယာယီ မှတ်ပုံတင် အမှတ်—၀၄၃၃)

၁၉၆၃-ခု

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ရှင်ဥပဂုတ်ပင့်ပုံ | ၁၁ |
| ၂ | ဆွမ်းကပ်-ဆီမီးကပ်-ပန်းကပ်-ရေကပ်ပုံ | ၁၃ |
| ၃ | ရှင်ဥပဂုတ်ပင့် ကိုယ်တွေ့များ | ၁၇ |
| ၄ | ရှင်ဥပဂုတ်မယ်တော် | ၂၇ |
| ၅ | ဘုရင်အားဆက်ကြခြင်း | ၂၇ |
| ၆ | ငါးပုတ်နံ့-မခံနိုင်ကြခြင်း | ၂၈ |
| ၇ | သွီးတော်ကိုဖေါင်နှင့်မြှောခြင်း | ၂၉ |
| ၈ | ဥပရသေ့ကြီးနှင့်တွေ့ခြင်း | ၂၉ |
| ၉ | ပဋိသန္ဓေတည်ခြင်း | ၂၉ |
| ၁၀ | သားသွီးရခြင်း၏အကြောင်းရှစ်ပါး | ၃၀ |
| ၁၁ | ရှင်ဥပဂုတ်ကိုဖွားမြင်ခြင်း | ၃၂ |
| ၁၂ | ရှင်ဥပဂုတ် စိတ်သဘောထား | ၃၂ |
| ၁၃ | နေရပ်ဌာနသို့အပြန်ခိုင်းခြင်း | ၃၃ |
| ၁၄ | တိုင်းပြည်သို့ရောက်ခြင်း | ၃၃ |
| ၁၅ | ဥပဂုတ်ကိုထီးနန်းတင်ခြင်း | ၃၄ |
| ၁၆ | ဥပဂုတ်ကိုနတ်မင်းကြီးဆောင်ကျဉ်းသွားခြင်း | ၃၄ |
| ၁၇ | ကောင်းကင်ယံတွင် ရဟန္တာဖြစ်သွားခြင်း | ၃၅ |
| ၁၈ | ကြေးပြာသာဒ်ကြီး ပေါ်ပေါက်လာပုံ | ၃၆ |
| ၁၉ | ကောလာဟလသတင်းတခု | ၃၇ |
| ၂၀ | ဓါတ်တော်ပူဇော်ပွဲ | ၃၈ |
| ၂၁ | နိဂြောဓ သာမဏေနှင့်တွေ့ခြင်း | ၃၉ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂ | သိရိဓမ္မာသောကမင်းကြီး တရားရခြင်း | ၄၀ |
| ၂၃ | စေတီတည်ရန် လျှောက်ထားခြင်း | ၄၂ |
| ၂၄ | ဓာတ်တော်များကို တူးဖေါ်ခြင်း | ၄၃ |
| ၂၅ | ယန္တရားကိုတွေ့ကြခြင်း | ၄၃ |
| ၂၆ | ရဟန္တာတို့၏အစည်းအဝေးကြီး | ၄၆ |
| ၂၇ | နဂါးမင်းနှင့် ဂဠုန်မင်း | ၄၆ |
| ၂၈ | သာမဏေကလေးနှင့် ဂဠုန်ကြီး | ၄၆ |
| ၂၉ | ဂဠုန်၏မာန်ဟုန် | ၄၇ |
| ၃၀ | သာမဏေကလေးကို ဒဏ်ပေးခြင်း | ၄၈ |
| ၃၁ | ရှင်ဥပဂုတ်ကိုညွှန်ကြားပုံ | ၄၉ |
| ၃၂ | ရှင်ဥပဂုတ်၏အတိတ်ကုသိုလ် | ၄၉ |
| ၃၃ | ရှင်ဥပဂုတ်အပင့်သွားခြင်း | ၅၀ |
| ၃၄ | ဆွမ်းအတွက် အာမခံကြခြင်း | ၅၂ |
| ၃၅ | အံဘတ်ကိုကျွေး၍ရသောဆွမ်း | ၅၃ |
| ၃၆ | သိရိဓမ္မာသောကမင်းကြီးနှင့်တွေ့ခန်း | ၅၄ |
| ၃၇ | ဆင်ကြီးကို အရက်တိုက်၍ စမ်းခြင်း | ၅၅ |
| ၃၈ | ဓါတ်တော်ပူဇော်ပွဲ | ၅၇ |
| ၃၉ | ဓါးမိုးလှံမိုးရွာခြင်း | ၅၈ |
| ၄၀ | ဘုရားအသွင် ဖန်ဆင်း၍ပြခြင်း | ၆၃ |
| ၄၁ | ရှင်ဥပဂုတ် ပြန်ကြွတော်မူခြင်း | ၆၅ |
| ၄၂ | ရှင်ဥပဂုတ်အပင့်ဂါထာပါဠိအနက် | |
| ၄၃ | ၎င်း အပင့်တနည်း | |
| ၄၄ | ၎င်း ဆွမ်းကပ်ရန်ပါဠိအနက် | |
| ၄၅ | ၎င်း ရှိခိုးရန်ပါဠိအနက် | |
| ၄၆ | ရှင်ဥပဂုတ်အပင့်မန္တာန်တော်ကြီး | |
| ၄၇ | ရှင်ဥပဂုတ်စီရင်နည်း (လောကီအစီအရင်) | |

# နိဒါန်း

# ရှင်ဥပဂုတ်ကို

## ဘယ်အတွက် ကိုးကွယ်ကြသနည်း

သိကြားမင်းသည်ကား စတုမဟာရာဇ် နတ်ပြည်နှင့် တာဝတိံသာနတ်ပြည်နှစ်ရပ်ကိုသာ အစိုးရ၏၊ 'လက်နက်ကား ဝရဇိန်လက်နက် ရိုးယ်းကြိုးစက်သာ ရှိ၏၊ ဝေဇယန္တာပြာသာဒ်ကြီးနှင့် ပဏ္ဍုကမ္ဗလာ- မြကျောက်ဖြာ ဧရာဝဏ်ဆင် နန္ဒဝန် ဥယျာဉ်- စသော ဥယျာဉ်လေးရပ် မာတလိနတ်၊ ဝိသကြုံနတ်တို့နှင့် သုဇာတာ, သုမာလာ, သုနန္ဒာ, သုစိတ္တာ-စသော မိဖုရားလေးယောက်အပြင် လက်ဝဲ လက်ျာ နတ်ကညာပေါင်း တထောင်မျှလောက်သာ ရှိ၏။

ထိုသိကြားမင်း၏အသက်သည် 'တာဝတိံသာမှာ တထောင်သာ၊ သင်္ချာသူတို့သက်။ သုံးကုဋေ ခြောက်သန်း သင်္ချာဆန်း-ဂဏန်း လူကတွက်' ဆိုသော စကားအတိုင်း နတ်တို့၏ အရေအတွက်အားဖြင့် အနှစ်တထောင်၊ လူတို့၏ အရေအတွက်အားဖြင့် သုံးကုဋေ ခြောက်သန်းမျှသာ ရှည်၏။

ဝဿဝတီ မာရ်နတ်မင်းကြီးသည်ကား "စတုမဟာရာဇ်, တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတ ဝဿဝတီ"ဟု ဆိုအပ်သော နတ်ပြည်ခြောက်ထပ်လုံးကို အစိုးရသဖြင့် သိကြားမင်းသည် ဝဿဝတီမာရ်နတ်မင်း၏ ဘုရင်ခံကလေးမျှသာ ဖြစ်ပေ၏။ ဝဿဝတီ မာရ်နတ်မင်းသည်ကား လက်ရုံးတထောင်ရှိ၏။ ဂိရိမေခလာ ဆင်ကြီးစသော စစ်သည်ရဲမက်တို့ လွန်စွာ များပြား၏။

သိကြားမင်းနှင့်ကား ဘုရင်နှင့် ရွာသူကြီးလောက် နေရာတိုင်းတွင် မနှိုင်းယှဉ်နိုင်အောင် ကွာခြားလှ၏။ တန်ခိုးတော် အရာ၌ ဧတဒဂ် ရတော်မူသော အရှင်မဟာမောဂ္ဂလာန်၏ ဝမ်းထဲကိုပင်ဝင်၍ အူအသည်းများကို ကိုင်ဆုပ် ဆွဲထားသဖြင့် အရှင် မောဂ္ဂလာန်သည် မာရ်နတ်သားအား ချော့မော့ကာ 'အသင်-မာရ်နတ်သား၊ ငါ၏ဝမ်းထဲမှ ထွက်ပါလော့၊ ရှေးဘဝက ငါသည် သင်၏ ဦးအရင်း ဖြစ်ခဲ့ဘူး၏။ ကိုယ့်တူ ကိုယ့်သားကို သတ်၍ မပစ်ပါနှင့်' စသည်ဖြင့် ပြောကြားသောကြောင့်သာ အရှင်မောဂ္ဂလာန်၏ ဝမ်းထဲမှထွက်၍ အသက်ချမ်းသာရာရ၏။

မြတ်စွာဘုရားသည် ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယ ဉာဏ်တော်တည်းဟူသော ဉာဏ်တော် သုံးပါးကို ရတော်မူ၍ ဘုရား ဖြစ်တော်မူသောအခါ မာရ်နတ်သားသည် စစ်သည် ဗိုလ်ပါနှင့် တကွ

မြတ်စွာဘုရား၏ ပလ္လင်တော်ကို လုယူ တိုက်ခိုက်ရန် လာ၏။

ထိုသို့ တန်ခိုးကြီးသော မာရ်နတ်မင်းကို မြတ်စွာဘုရားသည်ပင် ခန္တီမေတ္တာဖြင့် သည်းခံခဲ့၏။ ထိုမာရ်နတ်မင်းကို အဘယ်ရဟန္တာကြီးများမှ နှိမ်နင်းအောင် မဆုံးမခဲ့ဘဲရှိရာ ရှင်ဥပဂုတ် ရဟန္တာ အရှင်မြတ်သည် သာလျှင် နှိမ်နင်း ဆုံးမတော်မူလေ၏။ ထိုသို့ တန်ခိုးအလွန်ကြီးသော မာရ်နတ်မင်းကို နိုင်နင်းအောင် ဆုံးမနိုင်သော ဂုဏ်ထူးရှိသော ကြောင့်၊ အရှင်ဥပဂုတ်ရဟန္တာကို အစဉ်အလာအားဖြင့် ကိုးကွယ် ဆည်းကပ်ကြလေသည်။

မာရ်နတ်မင်းကား၊ ကုသိုလ် ကောင်းမှု ပြုသူတို့ကို အမျိုးမျိုးပျက်စီးအောင် ဖျက်ဆီးတတ်၏။ ထိုသို့ ဖျက်ဆီး ခြင်းမှာကား၊ မိမိဘုံဗိမာန်ကို လုယူလိမ့်မည် အထင်နှင့် ဖျက်ဆီးခြင်းမှု ဖြစ်၏။ မြတ်စွာဘုရားသည် အာယုကပ် ပတ်လုံး နေနိုင်သော်လည်း မြတ်စွာဘုရား၏ တရားတော် ကြောင့် နတ်ဘုံ ပြည့်ကြပ်၍ တန်ခိုး ကြီးသော နတ်တို့ ပေါ်ပေါက်လာမည်ကို ကြောက်သဖြင့် မြတ်စွာဘုရား အား အကြိမ်ကြိမ် အာယုသင်္ခါရလွှတ်တော်မူရန် လျှောက် ခဲ့၏။ အသီတိရှစ်ကျိပ် လက်ဝဲရံ- လကျာရံတို့နှင့် တကွ နီလ-ပီတ-လောဟိတ-ဩဒါတ-မဉ္ဇိဋ္ဌ- ပဘဿရ တည်း ဟူသော ဆဗ္ဗဏ္ဏရံသီ၊ ရောင်ခြည်တော် ခြောက်ဆိုင်ကို တပြိုင်တည်း ကွန့်မြူးလျက်၊ အထူးထူးသော တန်ခိုးတို့ ဖြင့် မြတ်စွာဘုရား၏အလွင် ဖန်ဆင်းတော်မူနိုင်ခြင်းကား

မာရ်နတ်သား တယောက်သာလျှင် ဖြစ်၏။ ထိုသို့ တန်ခိုး ကြီးလှသော မာရ်နတ်ကို အရှင်ဥပဂုတ်သာလျှင် မာန်ကျိုး အောင် နှိမ်ချိုးတော်မူနိုင်ပေ၏၊

"သခင် ဘုန်းကြီး- ကျွန့်ပါးပြီး" ဆိုသော အတိုင်း ဘုန်းတန်ခိုး ကြီးမားလှသော အရှင်ဥပဂုတ်ကို အမှီပြု၍ မိမိတို့လည်း ဘုန်းတန်ခိုးကြီးရန်ရင်း၊ ဘေးအန္တရာယ်ကို ကာကွယ် စောင့်ရှောက်ရန်ရင်း၊ စန်းပြတ်- လွန်းပြတ် သက်ခတ်ရှားမှီး- ဂြိုဟ်စီး မကောင်း၊ သံဒေါင်းနှိပ်စက်၊ အိမ်မက်ကြမ်းတမ်း၊ နတ်သရမ်းတို့၊ ဖမ်းစားမှိဲ၊ သူရဲ တစ္ဆေ၊ ကဝေကိုးမှော်၊ ဇော်ကနီတပြာ၊ မိစ္ဆာဘီလူး၊ တွေ့အလူးနှင့်၊ ရေဘူးတောသူ၊ အပူဘေးဒဏ်၊ ရောဂါ ရန်တို့မှ အမြန်ကင်းပျောက်စေခြင်းငှာရင်း၊ စီးပွားဥစ္စာ၊ ရတနာရွှေငွေ၊ ဆန်ရေစပါး၊ သားမယားနှင့်၊ များပြားခြံရံ၊ လယ်ခြံမိုးယာမြေ၊ အထွေထွေ အဝဝ၊ ပြည့်စုံကြစေခြင်း ငှာရင်း၊ ထိုသို့သော အကျိုးထူးကို ရရှိခံစားလိုကြသဖြင့် ၍အရှင်ဥပဂုတ်ကို မိမိနေအိမ်တွင် အမြဲပင့်၍ရင်း၊ ဆင် စွယ်ဘိုထု၍ လက်ကိုင်ပုဝါ ခေါင်းပေါင်းတွင် ချည်၍ရင်း၊ ဆံပင်ကြားမှာထား၍ရင်း၊ အမျိုးမျိုးပူဇော်ကြလေသည်။ ရှေးအခါက မြန်မာစစ်ဗိုလ်ကြီးများလည်း စစ်တိုက်သွား သောအခါ မိမိတို့၏ဆံပင်ထဲတွင်ထည့်၍ သွားကြသဖြင့် စစ်ပွဲအောင်ကြသည်ဟု ကြားဘူး၏။

မြို့တိုင်း- ရပ်တိုင်း အလှူကြီး အတန်းကြီး ပြုသော အခါ အလှူမဏ္ဍပ်တွင် မာရ်နတ် ဖျက်ဆီး၍ လေကြီး

# နိဒါန်း

မိုးစပါးကြီးမကျရန်ရင်း၊ မိမိတို့ရပ်ရွာ၌ ကပ်ရောဂါဆေး ကင်း၍ ချမ်းသာခြင်းဖြစ်ရန်ရင်း၊ အရှင်ဥပဂုတ်ကိုပင့်၍ ကိုးကွယ်လေသည်။

ထိုသို့ ကိုးကွယ်ပူဇော်ရသော အကျိုးကြောင့် ဒိဋ္ဌဓမ္မ ခံစားကြရသည်ကား၊ လောက မျက်မြင် ဖြစ်၍ အထူး ယုံကြည် လေးမြတ်စွာ ပူဇော်သင့် ပူဇော်ထိုက် ပူဇော် အပ်လှပေသတည်း။

ဦးကဝိ

(ပန္နမကျော်)

# ရှင်ဥပဂုတ်

## အတ္ထုပ္ပတ္တိ

ပဋ္ဌာဂုဏ်-အဟံဓမ္မာမိ-သဗ္ဗဒါ

### ရှင်ဥပဂုတ်ပင့်ခြင်းကို ခက်ခဲခြင်းမရှိရန် ကျွန်ုပ်ကိုယ်တိုင်ပြုပြင်ခဲ့ခြင်း

ကျွန်ုပ်တို့-အထက်မြို့ရွာများတွင် အလှူအတန်း ပြုလုပ်သောအခါတိုင်း ရှင်ဥပဂုတ်ကို ယမားချောင်းထဲသို့သွား၍ ညဉ့် ၆ နာရီကျော်-၇-နာရီမှာ ပင့်ရိုးထုံးစံရှိ၏။ ကျွန်ုပ်တို့နေသော ကန္တဗြိုဟ်မြို့ တောလက် ကုန်းရွာဆိုသော အရပ်မှာကား၊ ယမားချောင်းနှင့် နီးကပ်လျက်ရှိ၍ တော်သေး၏။ ယမားချောင်းနှင့် မနီးကပ်သော- အလှူသည်း လှူသောသူတို့မှာကား၊ ခရီးတာတိုင် - နှစ်တိုင် ကွာကပင်၊ ယမားချောင်းထဲသို့ လာရောက်ပင့်ရသဖြင့်- ဒုက္ခအလွန်ရောက်ကြလေသည်။

ရှင်ဥပဂုတ်ကိုယ်တော်ကိုကား- ကျောင်းမှာ ထား၍ ထိုကျောင်းမှတဆင့်-ယမားချောင်းထဲသို့ ပင့်ပြီး၊ ထိုယမားချောင်းထဲမှတဖန်၊အိမ်သို့ပင့်ရပြန်လေသည်။ထိုထုံးစံကား၊ ယခုတိုင် တချို့အလှူသည်းနေသောနေရာ၌ ရှိနေပေသေး၏။

ကျွန်ုပ်ကား- ကျွန်ုပ်၏မိဘက သူ၏သမီးမှ မွေးသော မြေးကလေးများကိုသင်္ကန်းချည်လို၍ကျွန်ုပ်အား စာပေး၍ မှာ၏။ ကျွန်ုပ်ကား- ကျွန်ုပ်နှမ၏သား တူကလေးများကို ရှင်ပြုမည်စာရ၍ ဝမ်းသာ အားရ ငွေမြောက်များစွာနှင့် အမြန် မိဘထံသွား၏။

ထိုအခါကား "တပေါင်း တကူး၊ မင်းလွှယ်ငယ်မှမြူး လေရူးသုံသုံ"ဆိုသော အတိုင်း ရွှေတကူးလတွင် လေရူး ထပြီး မိုးယ်းကလည်း ရွာတတ်၏။ ထိုအခါကား၊ သင်္ကြန် အခါလည်း ဖြစ်ပြန်သဖြင့် သင်္ကြန်မိုးယ်းမှာ ရွာနေကျ ဖြစ်သောကြောင့် မိုးယ်းကြီး သည်းထန်စွာ ရွာတော့မည်ကား မလွဲတော့ပေ။ ကျွန်ုပ်တို့မိဘများသည် ကျွန်ုပ်အား မြေး ကလေးများကို ရှင်ပြုလိုသည်၊ ငါ့သားလာနိုင်မည်လား ဟု စောစောက တင်ကြို၍ စာပေးရာ ကျွန်ုပ်က သင်္ကြန် အခါမှာ အလုပ်တိုက် ခေတ္တပိတ်ထား၍ သင်္ကြန်အခါမှာ ကား၊ အေးအေးလူလူ လာနိုင်ကြောင်း၊ တခြားသော အခါမှာကား- လူလာနိုင်မည်မဟုတ် ငွေကိုသာ စာတိုက် မှပို့လိုက်နိုင်မည်ဟု စာပြန်လိုက်ရာ မိဘလုပ်သူက ငွေ ကိုအလိုမရှိ ငါ့သား၏ မျက်နှာ ကိုသာ ကြည့်၍ အမေ ကောင်းမှုပြုလိုသည်။ 'ငါ့သားလာနိုင်မည့် သင်္ကြန်အခါကို သာချိန်၍ အမေရှင်ပြုမည်၊ လာဖြစ်အောင် လာခဲ့ပါဟု ဆိုသဖြင့် ကျွန်ုပ်ကား-သင်္ကြန် အခါ အလုပ်တိုက် ပိတ်၍ မိဘထံသွားပါကြောင်း။

## ရှင်ဥပဂုတ်ကိုပင့်ပုံ

အသူ့အတန်း ပွဲလမ်းသဘင် ပြုလုပ်ရန်ဖြင်း၊ ဘေး ရောဂါ အန္တရာယ် ကပ်သုံးတန်တို့ နှိပ်စက်နေသော အခါဖြင်း၊ မိမိအား အထက် လူကြီးများက နှိပ်စက် ညှဉ်းပန်းနေသဖြင့် မခံနိုင် ဖြစ်နေသောအခါ၌ဖြင်း၊ မိမိ အလုပ်အကိုင် အကြံအစည် ပြုတိုင်း အထမမြောက်ဘဲ အကြိမ်ပေါင်း များစွာ ပျက်စီးရာ၌ဖြင်း၊ အရှင်ဥပဂုတ် ကို ကိုးကွယ်ဆည်းကပ်ကြလေသည်။

ထိုသို့ ဆည်းကပ် ကိုးကွယ်ရာ၌ အရှင် ဥပဂုတ်ကို ပင့်သောအခါ၊ ဖယောင်း ၇-တိုင်၊ ပန်း ၇-ခိုင်၊ ဆန်မန်း ပေါက်ပေါက်တို့ဖြင့် မြစ်ဆိပ် ကမ်းနား၊ ချောင်းယာမား ရေစပ်, ရေအိုင်နား စသည်တို့တွင် တခုခုသော နေရာသို့ သွား၍ ပင့်ကြလေသည်။

အရှင်ဥပဂုတ်သည် တောင်သမုဒ္ဒရာအတွင်း၌ ကြေး ပြာသာဒ်နှင့် သီတင်းသုံးနေသဖြင့် ရေဝါတ်ခြင်း ဖြစ် ၍ ရေကန်, ထူး, အိုင်, မြစ်, ချောင်း, စသည်တို့တွင် သွား ၍ ပင့်ကြရလေသည်။ ဗိုင်ယာလက်တို့မှာ တခုနှင့် တခု သံကြိုးစသည် အဆက်အသွယ် မရှိသော်လည်း ဟိုမှာ ရှိသော ဝါတ်အိုးနှင့် ဤမှာရှိသော ဝါတ်အိုးခြင်း ဆက် စပ်နေသဖြင့် ကြားရဘိ သကဲ့သို့ တောင်မုဒ္ဒရာ ရေ တွင်း၌ သီတင်းသုံးနေသော အရှင်ဥပဂုတ်၏ အထံသို့ ဤမှာရှိသော ရေစပ်ကနေ၍ ပင့်သဖြင့် ကြားနိုင် သိနိုင်

လေသည်။ ထိုအတိုင်းပင် ပင့်ရိုးထုံးစံတချဖြစ်၍ နေလေသည်။

ပင့်သောအခါ ရိုသေစွာရှိခိုး၍ ငါးပါးသီလ ခံယူပြီးလျှင် ရေစပ်ကိုမျက်နှာမူ၍ ဤသို့ပင့်ရာ၏။

သမုဒ္ဒမဇ္ဈေ၊ သမုဒ္ဒရာ၊ ဇလာနက်ကျယ်၊ ရေပင်လယ်၌၊ နိုသိဒန္တော၊ မြဲစွာမလပ်၊ သမာပတ်ဖြင့်၊ မပြတ်စံနေတော်မူသော၊ ဈာနိန္ဒမန္တော၊ စတုဈာန်၊ လွန်လျှင်မြန်၍၊ အမှန်အားဖြင့် တန်ခိုးကြီးတော်မူသော၊ မာရဒန္တော၊ ဝသဝတ္တိ၊ ထက်နတ်ပြည်တွင်၊ ဂုဏ်ဆိုပြည့်တင်း၊ မာရ်နတ်မင်းကို၊ အပြင်းအထန်၊ ဆုံးမခြင်းငှာ၊ အလွန်မြန်သော၊ အရဟန္တော၊ အဝိဇ္ဇာနှင့်၊ တဏှာ ကာမ၊ မြူမောဟကို၊ တကွ သတ်ပြီးတော်မူသော၊ ဥပဂုတ္တော၊ တန်ခိုးကြီးမား၊ လွန်ထင်ရှား၍၊ ဘုရားမြတ်စွာ၊ နောင်အခါတွင်၊ ဝမ္ပာသောကာ၊ ခေတ်ကာလ၌၊ မချပေါ်လွင်မည်ဟု ကြည်ရှုင်စွာ မိန့်တော်မူသော အရှင် ဥပဂုတ်သည်။ ဈာမံမဏ္ဍပံ၊ ဤအလှူမဏ္ဍပ်သို့၊ ဈာမံဌာနံ၊ ကုသိုလ်ပြုရာ အဖြာဖြာကို ကောင်းစွာပြုရန် စိမံခင်းကျင်းသော ဤဌာနသို့၊ အာဂန္တွာ၊ တပည့်တော်တို့အား လွန်သနား၍။ မခြားမြန်စွာကြွတော်မူခဲ့ပါလော့။ မမပူဇိနိ၊ အကျွန်ုပ်တို့၏ပူဇော်ခြင်းကို၊ သံတပ္ပတု၊ ရောင့်ရဲနှစ်သက်၊ ရေမှတက်၍၊ ဆက်ဆက်အလှူခံတော်မူပါဘုရား။ မာရာဒိဗလဝိသဒ္ဒါ၊ မာရ်မင်း၏ စစ်သည်ဗိုလ်ပါတို့သည် အဖြာဖြာ ပစ်အပ်ကုန်သော၊ နာနာဝိဓ၊ အထူးထူးအပြားပြား

မျှားပြားကုန်သော၊ ဝါတမေဃာ၊ လေကြီး မိုးသည်းကြီးတို့
သည်၊ ဝိနာသန္တု၊ ကင်းပျောက်ပါစေသတည်း၊ အမှာကံ၊
အကျွန်ုပ်တို့အား၊ ကောပိ၊ တစုံတယောက်သောသူသည်၊
အန္တရာယံ၊ တစုံတခုသော အန္တရာယ်ကို၊ မာကရောန္တု၊
မပြုလုပ်နိုင်စေသတည်း။ ယဒိစ္ဆိတံ၊ အလို ရှိအပ်သော
အကြံအစည်တို့သည်၊ ခိပ္ပံ၊ လျင်မြန်စွာ၊ သမိဇ္ဈတု၊ ပြည့်စုံ
စေသတည်း။ ယထာသုခံ၊ အလိုရှိတိုင်း၊ ဇေယျတု၊ အောင်
မြင်ပါစေသတည်း။

"ဤကဲ့သို့ပင့်ကြပါလေ"

## ဆွမ်းကပ်-ဆီမီးကပ်-ပန်းကပ်-ရေကပ်

ဇမ္ဗူဒီပမဏ္ဍာ၊ ကြီးသော တန်ခိုးရှိတော်မူသော၊ ဇာရ
ဟန္တာ၊ ရဟန္တာဖြစ်တော်မူသော၊ မာရဒန္တာ၊ မာရ်
နတ်သားကိုဆုံးမတော်မူနိုင်သော၊ သမုဒ္ဒမဇ္ဈေ၊ သမုဒ္ဒရာ
အလယ်၌၊ ဝသန္တာ၊ နိရောဓသမာပတ်ဖြင့်၊ မပြတ်စံ
တော်မူသော၊ ရှင်ဥပဂုတ္တော၊ အရှင်ဥပဂုတ်သည်၊
အာဂန္တွာတု၊ ကြွနိုင်မတ်မတ်၊ ဤအရပ်တွင်၊ ကောင်း
မြတ်စွာ ကြွတော်မူခဲ့ပါလော။ မယံ၊ အကျွန်ုပ်တို့သည်။
လောကတ္ထာယစ၊ လောက၏ အကျိုးငှာလည်း၊ သံပရာ
ယိကတ္ထာယစ၊' တမလွန်လောက၏အကျိုးငှာလည်း၊ ဇုမံ
ပိဏ္ဍပါတ ခါဒနီယ ဘောဇနီယံ၊ ဤဆွမ်းခဲဘွယ် ဘော
ဇဉ်တို့ကို၊ ဒေမိ၊ ကပ်လှူ ပူဇော်ပါ၏။ ဇုမံ့ သိပ္ပဒဏ္ဍ၊
ဤဆီမီးဖယောင်းတိုင်တို့ကိုလည်း၊ ဇုမံ ပုပ္ဖ၊ လှပ တင့်
တယ်၊ ရှုချင်ဘွယ်ဟု၊ ဆန်းကြယ် လပ်ဆပ်သော ဤပန်း

တို့ကိုရင်း၊ ဇလံဥဒကဉ္စ၊ ဤသောက်တော်ရေကိုရင်း၊ ဒေဝိ၊ ပူဇေမိ၊ ကပ်လှူပူဇော်ပါ၏။ ယထာသုခံ၊ အလိုရှိတိုင်း၊ ပရိဘုဉ္ဇတု၊ ခံစား သုံးဆောင်တော်ပါဘုရား၊ ဇာမိနာပုည ကမ္မေန၊ ဤသို့ လှူဒါန်း ပူဇော်ရသော ကောင်းမှုကံကြောင့်၊ အာယုဝဏ္ဏ- သုခဗလာဒိဟိ၊ အသက်ရှည်ခြင်း၊ အဆင်း လှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ပညာကြီး ခြင်း၊ ဘေးအပေါင်း- ရန်အပေါင်း မကောင်းနိဗ္ဗ- ဟူ သမျှတို့မှ လုံးဝ ပယ်ဖျောက်၍ ကောင်းကျိုး ချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံခြင်း၊ မိုဃ်းအခါ၌ မိုဃ်း ရေ မိုဃ်း ပေါက် တို့ သည် အ လို အ လျှောက် ရွာဘိ သကဲ့သို့ အကျွန်ုပ်တို့၏ထံမှောက်သို့ ရွှေ, ငွေ, စိန်, ကျောက် စသော ရတနာတို့သည် မတောင်းမတ၊ မကြောင့်မကြ၊ အလို အလျှောက် ပေါ်ပေါက်ခြင်း ရှိကုန်သည်။ ဟောမ ဘဝါမှ၊ ဖြစ်ရ ပါလိုကုန်၏။ ဘဝေ-ဘဝေ၊ ဖြစ်တိုင်း, ဖြစ်တိုင်းသော ဘဝ၌၊ နတ္ထီတိဝစနံ၊ မရှိဟူသော စကား ကိုရင်း၊ ဒေဟီတိဝစနံ၊ မလောက်မဝ, မစားရ၍ ပေးပါ၊ ကမ်းပါ၊ လှူဒါန်းပါဟူသော စကားကိုရင်း၊ နဝဒေယျာမ၊ မပြောမဆိုရသည်ဖြစ်ပါစေသတည်း။ ဘဝေ-ဘဝေ၊ ဖြစ် တိုင်း ဖြစ်တိုင်းသော ဘဝ၌၊ တိက္ခပညေနစ၊ ထက်သော ပညာ နှင့် လည်း ကောင်း၊ ဇဝနပညေနစ၊ လျင် သော ပညာနှင့် လည်းကောင်း၊ ဟာသ ပညေနစ၊ ရွှင်သော ပညာနှင့်လည်းကောင်း၊ ဂမ္ဘီရပညေနစ၊ ခက်ခဲ နက်နဲ သော ပညာနှင့်လည်းကောင်း၊ သမန္နာ၊ ပြည့်စုံရသည်,

ဟောမ ဘဝါမ၊ ဖြစ်ရပါလို၏။ ဝိသေ သတော၊ အထူး
အားဖြင့်၊ မဟိဒ္ဓိ ကော၊ ကြီး သော တန် ခိုး ရှိ သည်။
မဟာနု ဘာဝေါ၊ ကြီးသော အာနု ဘော် ရှိသည်။
ဝေရဇယော၊ ရန်သူ အပေါင်းကို အောင်သည်၊ သဗ္ဗာ
သိဒ္ဓိ၊ အလုံးစုံသော ကိစ္စပြီးစီးသည်။ ဟောမ ဘဝါမ၊
ဖြစ် ရ ပါ လို ၏။ သဗ္ဗ အန္တ ရာ ယော၊ အလုံး စုံသော
အန္တ ရာယ် တို့ သည်။ ဝိနဿန္တု၊ ပယ် ပျောက် ပါ စေ
သတည်း။ ဗုဒ္ဓါ နုဘာဝေန၊ မြတ်စွာ ဘုရား၏ အာနု
ဘော်တော်အားဖြင့်ရင်း၊ ဓမ္မာနုဘာဝေန၊ တရားတော်
၏ အာနုဘော်တော်အားဖြင့်ရင်း၊ သံဃာ နုဘာဝေန၊
သံဃာတော်၏ အာနုဘော်တော်အားဖြင့်ရင်း၊ ဥပဂုတ္တ
အာနုဘာဝေန၊ အရှင်ဥပဂုတ်၏ အာနုဘော်တော်အား
ဖြင့်ရင်း၊ စိန္တာမနိ၊ အလုံးစုံသော အကြံ အစည် ပြီး
မြောက်သည်။ ဟောတု ဘဝတု၊ ဖြစ်ပါစေသတည်း။
ဇေယျမင်္ဂလာ၊ အောင်ခြင်း မင်္ဂလာသည်၊ ဟောတု၊
ဖြစ်ပါစေသတည်း။ မဟာလာဘံ၊ များ သော လာဘ်
လာဘသည်၊ ဟောတု၊ ဖြစ်ပါစေသတည်း။ မေမမ၊
အကျွန်ုပ်၏။ ဇီဝိတံ၊ အသက်ကို။ ကောဝိ၊ တစုံတယောက်
သောသူသည်။ အန္တရာယော၊ အန္တရာယ်ကို။ နသက္ကော
တိ၊ ကြံစည်ခြင်းငှာ မစွမ်းစေသတည်း။

......း၀း........

ဤသည်လျှင် ရှင်ဥပဂုတ်အား ပင့်နည်းနှင့် ပင့်ရခြင်းအကျိုး၊ ဆွမ်းကပ်, ရေကပ်, ပန်းကပ် ပြီးစီးသေ၏။ အမြို့မြို့ အရွာရွာ၌ ရှင်ဥပဂုတ်ကို ကိုးကွယ်ခါ၊ အမျိုးမျိုး ပင့်ကြသည်ကို ကြားဘူးလေသည်။ 'တကျောင်း တဂါထာ တရွာတပုဒ်ဆန်း' ဆိုသောအတိုင်း မိမိတို့၏ ရပ်ရွာ သုံးစံ အတိုင်း ပြုလုပ်သည်ကိုကား မှားသည်ဟု မည်သူမျှ မဆိုနိုင်ချေ။ စေတနာရှိသည် အလျောက် တတ်နိုင်သလောက် ကိုးကွယ် ပူဇော်ကြလေသည်။

ရှင်ဥပဂုတ် ပင့်နည်း အမျိုးမျိုးနှင့် ရှင်ဥပဂုတ်အတ္ထုပ္ပတ်တို့ကို သူတော်ကောင်းတို့သည် လိုက်နာမှတ်သား သတိပြု၍ ကြည့်ရှုစေရန် ကျွန်ုပ်သည် စေတနာ သန့်သန့်ဖြင့် ညွှန်ကြား ရေးသားပေအပ်သတည်း။

## "သင်္ကြန်နှင့်မိုးစပ်း"

သင်္ကြန်ကျတော့မည်ဖြစ်သဖြင့်၊ မိုးစပ်းများ အုံ့မှိုင်း၍၊ ရှစ်ခွင်တိုင်းက ဆို့ဆိုင်း၍နေကြလေပြီ။ မိုးသံလုံးကလေး တဖြောက် ဖြောက်၊ လေရူး ကလေးကလည်း အဆောင်း ဖေါက်ပြီး၊ ပန်း ပတောက် ကလေးများ လည်း ဂနိုင် တပိုက်မှာ အခိုင်လိုက်-အခိုင်လိုက် ပွင့်ကြလေပြီ။

ကျွန်ုပ်၏ မိဘအလှူကား၊ သင်္ကြန်အကြပ်နေ့ ဖြစ်၏။ အထက်မြို့ရွာ ထုံးစံအတိုင်း နံနက်ခင်း ဉည့်ခံ-ထမင်း ကျွေး၊ နေ့ဆွမ်းစားပြီး အကြီးအကျယ် ရှင်လောင်းလှည့်၊ ညနေ ပရိတ်တရားနာရန်ဖြစ်၏။ သင်္ကြန်အကျနေ့ ညနေ လောက်တွင် ဘုန်းတော်ကြီး ဦးဝရကျောင်းက ကျောင်း သားကလေးများမှာ ရှင်လောင်းလှည့်ရာတွင် ရတုဆိုရ မည်ဖြစ်၍၊ ဝမ်းသာအားရနှင့် 'ပွဲမဝင်-ပြင်ကာကျင်းပ" ဆိုသောအတိုင်း၊ "ပြောင်းဆံမကာ တောင်းပန်ကြသော ကြောင့်၊ လောင်းနှဲ့ဗုဒ္ဓ။ ။ထင်ရန်မများ၊ အစဉ်ကြံ ငြား၍၊ ဝန်ခံစကားမိန့်တော်မူ၏။ ..... ရွဲ........ဟူသော ရတု ဆိုသံကြီးကို ရွာထဲမှ ကြားလိုက်ရပြီးနောက်၊ သဲ-သဲ- သဲ-သဲ ဟဲ-ဟဲ-ဟဲ-ဟဲ နှင့်လာသော မိုးစပ်းသံကြီးကို ကြားလိုက်ရာ၊ ခမ်းနားစွာ ပြုလုပ်ထားသော မင်္ဂလာ မဟာမဏ္ဍပ်ကြီးမှာ ပျက်စီးရတော့မလောက် ဖြစ်ပေ၏။

ရပ်ရွာ၌ ဂုဏ်သရေရှိ လူကြီးလူကောင်း များ ရော၊ ပညာရှိ ကဝိအကျော် ပုဏ္ဏားမယ်ကြီးများရော။ အလှူ

မဏ္ဍပ်ထဲမှာလာဘက်ကိုစားရင်း၊ တဟားဟား-တဟီးဟီး နှင့် ပုတီးကိုလက်မှာကိုင်ပြီး၊ မြှိုင်မြိုင်ကြီး စကားပြော လျက်ရှိကြရာ၊ မိယ်းကြီး-လေကြီး လာသဖြင့် တခါ တည်း အစုတ်အစုတ် ကြွက်ကြွက် ထ၍ပြေးကြလေ၏။

သို့သော်လည်း၊ မိယ်းကား အသံရှိသလောက်-အခဲ မရှိဘဲ၊ ဟိန်းဟောက် ခြိမ်းချောက်ခါ၊ တပေါက်နှင့် တပေါက်ဆိုသလို အသူ့ရှင်များကို ကြောက်အောင် ချောက်ရုံသာ ချောက်၍၊ တကယ် ထိထိ ရောက်ရောက် မရွာပေ။ မရွာပင်မရွာသော်လည်း၊ မြည်ဟီးသောအသံ ကြီးနှင့် လေကြီးမိုးကြီးချပြီးသော အရိပ်နိမိတ်ကိုကား လန့်ထိတ်လောက်အောင် ပြပြီး ဒိန္နေ့ည-ပျက်အောင်ဖျက် မည်ဟူသောအနေမျိုးဖြင့် ရန်ညိုးဖွဲ့ခါနေလေ၏။

……ႏဝႏ……

## "ရှင်ဥပဂုတ် မေ့နေကြသလား"

ရပ်ရွာရှိ လူကြီးလူကောင်းတို့က သတိရခါ၊ ဘယ့် နှယ်လဲ- ရှင်ဥပဂုတ် မေ့နေကြသလား၊ ရှင်ဥပဂုတ်လဲ မတင်ပါလား၊ဘာပြုလို့မပင့်ကြသလဲဟု-ပြာလောင်ခတ် ခါ၊ ကျွန်ုပ်၏မိဘ-အသူ့ရှင်ထံလာ၍ မေးရာ၊ ကျွန်ုပ်က ဒါဖြင့်လဲ ပင့်ကြမှပေါ့။ မေ့နေလို့ဖြစ်ပမလား။ ကဲကဲ— သွားပင့်ကြစမ်းပါ ဟုပြောရာ၊ ကျွန်ုပ်မိဘက (ဆရာရဲ) ရှိတုန်းကတော့ ဆရာရဲ) ပင့်တာဘဲ။နောက်—အနောက်ရေပ်

က။ ဆေးဆရာကြီးဆရာကိုးပင့်တယ်။ အခု–ဆေးဆရာကြီးလဲ၊ ဆေးကုသွားနေလို့-ဘယ်သူမှ မပင့်တတ်လို့ ဒီအတိုင်းဘဲနေကြရတယ်-ဟု ပြောရာ၊ ကျွန်ုပ်က အို........ဘာပြုလို့မပင့်တတ်ရတာလဲ၊ ရွာအရှေ့ဘုန်းကြီးကျောင်းမှာရှိတယ်မဟုတ်လား၊ ဝတ်ချပြီး ကျောင်းဆောင်ပါပင့်ယူခဲ့တာပေါ့–ဟုပြောရာ၊ အနားမှ လူအများက ရယ်ကြပါကြောင်း။

ရှင်ဥပဂုတ်ပင့်တာ-လွယ်လွယ်ကလေးမှတ်လို့၊ ထုံးစံအတိုင်း၊ ကျောင်းက-ချောင်းထဲကို သွားချရသေးတယ်။ အဲဒီချောင်းထဲကမှ ပင့်လာရတယ်၊ ရှင်ဥပဂုတ်ဟာ၊ ရေလယ်မှာ ကြေးပြာသာဒ်နဲ့စံနေလို့၊ ရေထဲမှာပင့်ရတယ်ဟုပြောရာ၊ ကျွန်ုပ်မှာ-ထိုအခါကျမှ ၎င်းတို့ထုံးစံကိုသွား၍သတိရပါကြောင်း။

ထိုနောက်မှ ကျွန်ုပ်က-ဒီလိုပင့်ရတယ်-ဟု ဘယ်ကျမ်းထဲမှာ ပါသာသလဲ၊ ဒီလိုထုံးစံကို- ဘယ်ပုဂ္ဂိုလ် စီမံခဲ့ပါသလဲ-ဟုမေးရာ မည်သူမျှသေချာဂနစွာမပြောနိုင်ကြပေ၊ ရှေးထုံးစံမို့သာ- ဒီလိုပင့်ကြရပါသည်ဟု ပြောကြပါကြောင်း။

ကဲဒါဖြင့်လျှင် ထုံးသစ်လဲမလောင်းနဲ့ ထုံးဟောင်းလဲ မပယ်နဲ့ဟု စကားပုံရှိသော်လဲ ထုံးဟောင်းပင် ဖြစ်သော်လည်း မကောင်းက-ပယ်ရမည်ဟူသော စကားပုံအရကျွန်ုပ်က၍ပြုပြင်တော့မည်၊ ကျွန်ုပ်ရှေ့သွားလမ်းဖြသည့်ကို ကြိုက်သူရှိက လိုက်နာကြ၍ မကြိုက်သူများ

လည်း မယူဘဲနေနိုင်ကြောင်း၊ ထုံးဟောင်းကိုပယ်ပစ်၍ ထုံးသစ်ဖြစ်သော- ရှင်ဥပဂုတ်ပင့်နည်းကို ကျွန်ုပ်ပြုလုပ်မည့် ပြောပြပါကြောင်း။

ထိုအခါ ကျွန်ုပ်အား-ချစ်ခင်ခြင်းရှိကြသော သူအများက ဆရာပြုလုပ်သည်ကို အတုလိုက်၍ ပြုလုပ်လိုပါသည်၊ ဆရာညွှန်ကြားသမျှကို ကျွန်တော်တို့ လိုက်နာပါမည်ဟု တညီတညွတ်တည်း ပြောကြပါကြောင်း။

ကျွန်ုပ်ကား မိမိ၏သီလ,သမာဓိကို ယုံကြည်သည်အတိုင်း ကျောင်းသို့ သွား၍လည်း ရှင်ဥပဂုတ်ကို မပင့်၊ ချောင်းထဲသို့ သွား၍လည်း မပင့်ဘဲ အလွယ် တကူ ဗယောင်းတိုင်တထုပ်ကို ဝယ်ယူလာမည်လော ထဲတွင် မီးရှမ်တိုင်ထွန်းပြီးလျှင် ငါးပါးသီလကို ခံယူဆောက်တည်၍ မိမိပြုလုပ်ခဲ့ဖူးသော ကုသိုလ်အတွက်ကို ၃၀-ဘုံ၌ ကျင်လည်ကုန်သော သတ္တဝါ အများနှင့် အထူးအားဖြင့်-နတ်များကိုမေတ္တာပို့ပေ၏။

သီလယူ မေတ္တာပို့ပြီးအဆုံး၌

ဥပဂုတ္တော၊ အရှင်ဥပဂုတ် ရဟန္တာမြတ်သည်။ ဣမံ မဏ္ဍပံ၊ ဤအကျွန်ုပ်၏ အလှူမဏ္ဍပ်သို့။ အာဂန္တွာ၊ ကြွလာတော်မူ၍။ နိသီဒတု၊ ထိုင်တော်မူပါဘုရား။ ဣမံမဏ္ဍပံ၊ ဤမင်္ဂလာ မဏ္ဍပ်ကို။ ဝိဟာရော ဝိယ၊ ကျောင်းတော်ကြီးကဲ့သို့။ ဝိဟာရတု၊ ရှင်ရှင် ပြုံးပြုံး-သီတင်းသုံးနေထိုင်တော်မူပါဘုရား။ သိရီ

ဓမ္မာသောကော၊ သီရိဓမ္မာသောကမင်းကြီးသည်၊ ဓါတု ပူဇနကာလေ၊ ဓာတ်တော်ပူဇော်သောပွဲကြီးကို၊ ပြုလုပ်သောအခါ၌၊ နာနာဝိဓေဟိ၊ အထူးထူးအပြားပြားများကုန်သော၊ ရူပေဟိစ၊ နွားကြီးအသွင် နဂါးကြီး အသွင်ဘီလူးကြီး အသွင်တို့ဖြင့်၎င်း၊ ဝါတေဟိစ၊ လေမုန်တိုင်းကြီးတို့ဖြင့်၎င်း၊ မေဃေဟိစ၊ သည်းထန်စွာရွာသောမိုဃ်းကြီးတို့ဖြင့်၎င်း၊ ဝိနာသနတ္ထာယ၊ ပျက်စီးခြင်းအလို့ငှါ၊ ကရောန္တော၊ ပြုလုပ်သည်ရှိသော်။ ဣဒ္ဓိမန္တော၊ တန်ခိုး အာနုဘော် ကြီးမြတ်တော်မူသော။ အရဟန္တော။ ကိလေသာတို့မှကင်းဝေးတော်မူပြီးသော၊ ဥပဂုတ္တော၊ အရှင်ဥပဂုတ်သည်။ ဒမ္မေတိယထာ၊ နှိမ်နင်းဆုံးမတော်မူသကဲ့သို့၊ အမှာကား၊ အကျွန်ုပ်တို့၏၊ ဒါနံ၊ ဒါနအလှူကို၊ ယထာသုခံ၊ အလိုရှိတိုင်း၊ ကရဏတ္ထာယ၊ ပြုလုပ်နိုင်စေခြင်းအကျိုးငှာ၊ ဝါတဉ္စ၊ လေကြီးကို၎င်း။ မေဃဉ္စ၊ မိုဃ်းကြီးကို၎င်း။ နိဝါရေတု၊ တားမြစ်တော်မူပါဘုရား၊ ယာဝ။ အကြင်မျှလောက်ကာလပတ်လုံး၊ မမဒါနံ။ အကျွန်ုပ်တို့၏အလှူသည်၊ နနိဋ္ဌိတံ၊ မပြီးစီးသေး။ တာဝ၊ ထိုမျှလောက် ကာလပတ်လုံး။ အပ္ပဝါတမ္ပိ၊ အနည်းငယ် မျှသောလေကို၎င်း။ ခုဒ္ဒကမေဃမ္ပိ။ အနည်းငယ်သောမိုဃ်းကို၎င်း။ အနိဋ္ဌမ္ပိ တဒတ္ထာယ၊ အလိုမရှိသည်၏ အဖြစ်ကြောင့်။ နိဝါရေတု၊ တားမြစ်တော်မူပါဘုရား။

ဤကဲ့သို့။ အရှင်ဥပဂုတ်အား လျှောက်ကြားပြီးလျှင်။ ဤသို့သစ္စာကိုလည်း ပြုလိုက်သေး၏

"အကျွန်ုပ်သည်။ သူတော်ကောင်းတရားကိုသိ၍။ လိမ်မာသည်မှ စပြီး၊ ပိုး, ရွ, ချပုန်း, မှစ၍။ သူ၏အသက်ကို ခသတ်ဘူးပါ။ မိဿာချည်စ။ တမျှင်မျှပင် သူ၏ဥစ္စာကို မခိုးဘူးပါ။ သူ့သားအိမ်ရာကိုစိတ်ဖြင့်ပင် မပြစ်မှားဘူးပါ။ မဟုတ် မမှန်သော စကားကိုလည်း-ဘယ်အခါမှ မပြောဘူးပါ။ သေရည်, သေရက်ကိုလည်း-လျှာပေါ်မျှ မတင်ဘူးပါ၊ ထိုသို့ မှန်သော စကားကို-ဆိုသောအားဖြင့် ဤအလှူကြီး မပြီးစီးမှီ၊ လေကြီး, မိုးကြီးသည်။ ဖျက်ဆီးခြင်းမရှိစေသတည်း။"

"ကျွန်ုပ်သည်-အထက်ပါ သစ္စာကိုဖေါက် ဖျက်ဘူးပါက အလှူ ပျက်စီးအောင် -မိုးကြီးလေကြီးသည်ကျပါစေသတည်း"

ဟု.....သစ္စာပြုလိုက်ပါကြောင်း။

ထိုသို့ ယုံကြည်လေးမြတ်စွာ သစ္စာပြုခြင်း၊အရှင်ဥပဂုတ်ကိုပင့်ခြင်းကြောင့်၊ ရွာမည်ဟု-တကဲကဲ,ဖြစ်နေသောမိုးသားကြီးသည့်၊တခါတည်း လွင့်စင်ပျောက်ပြီး၊ နေဝန်းကြီးပင်- တိမ်တိုက်ထဲမှ- ပေါ်ပေါက် လာလေ၏။ ကျွန်ုပ် ချစ်ခင်ယုံကြည်ရင်း ရှိသူတို့ကား၊ ဝမ်းသာအားရပြုံးရွှင်ကြ၏၊ ထိုသို့-လေကြီး, မိုးကြီးမကျဘဲ၊ အလှူနေ့ကျသောအခါ၊ ချမ်းဝမ်းသာစွာ မိဘညာတကာတို့နှင့်၊ ကောင်းမွန်စွာလှူရပေ၏။

---

## "အံ့ဩဘွယ် တမျိုး"

အသျှင်ကြီးမှာ ဥသ္စုံခံပြီး၍ ရှင်လောင်း လှည့်ပြီးခါ ပရိတ်များနာ၍ ရေစက်ချပြီးဘုန်းတော်ကြီးများလည်း ပြန်ကြွကြကုန်၏၊ တရားဟောပုဂ္ဂိုလ်တပါး သာလျှင် ကျန်ရစ်တော့၏။ တရားဟောပုဂ္ဂိုလ်လည်း စိတ်ပါလက်ပါ တရားတော်ကို ဟောတော်မူ၍ တရားပြီး နိဂုံးချုပ်-ဆုတောင်းကြကုန်ဟု အဆုံးသတ်လိုက်ရာ၊ အသျှင်တွင်၌ါး ထားသော ဗျောကြီးက-ဗြုံး ... ဗြုံး...... ဗြုံး.......ဟု သုံးချက်လောက်တီးသည်နှင့် တပြိုင်နက် မိုးကြီး လေကြီးမှာ အောင့်အိး၍ ထားရသကဲ့သို့ အကြီးအကျယ် ရွာချလိုက်ရာ၊ ကျွန်ုပ်မှာဝမ်းသာ၍ မဆုံးတော့ပေ၊ အခြားသူများကလည်း- အသျှင်ပြီးရုံ- မိုးကြီး လေကြီးသည် အသျှင်တော်အောင့်အိး၍ ထားရသည်၊ ရှင်ဥပဂုတ် တန်ခိုးတော်လည်း ကြီးပါပေသည်၊ ပင့်ပုံမှာလည်း ယခင်ကကဲ့သို့ ဝန်မလေးသဖြင့် မှတ်သား,အတုယူထိုက်ပါ ပေသည်ဟု ပြောကြလေသည်၊ ထိုအဖြစ်အပျက်ကား ကျွန်ုပ်ကိုယ်တိုင် အဖြစ်အပျက်ဖြစ်၍ အလွန်မှတ်သားထိုက်သဖြင့် ရေးသား၍ ထည့်သွင်းလိုက်ရပေ၏။

ယခင်အခါကမူကား ရှင်ဥပဂုတ်ပင့်ကြရာဝယ်၊ ဝန်လေးစရာများစွာတွေ့ကြုံရလေ၏၊ ထိုအခါမှစ၍ ကျွန်ုပ်အယူကိုနှစ်သက်သူများကား ဤအတိုင်းပင်ပင့်ကြတော့သဖြင့်ဝန်မလေးကြချေ၊ ရဟန္တာပုဂ္ဂိုလ်ဖြစ်၍ ဘယ်အ

ရပ်ကနေ၍ပင့်ပင့် ဖြစ်နိုင်လေသည်၊ ချောင်းထဲ- ရေထဲ သွား၍ ပင့်မှသာ မဟုတ်ပေ၊ အခါရုံပြု ဓိဋ္ဌာန်၍ ပင့်လျှင် ဖြစ်နိုင်သေတော့သည်၊ မိမိ၏သီလ-သမာဓိကို ယုံကြည် စွာပြုသင့်ကြလှပေကြောင်း။

အရှင် ဥပဂုတ်ကား အလွန်တရာ တန်ခိုးကြီးလှ၏။ မာရ်နတ်သားကို အခြားရဟန္တာများ မဆုံးမနိုင် သော် လည်း အရှင်ဥပဂုတ်ကား နှိမ်နင်းသွားအောင် ဆုံးမတော် မူနိုင်၏၊ မြတ်စွာဘုရားသည် မာရ်နတ်သားအား ဆုံးမ နိုင်သော်လည်း မေတ္တာဖြင့် သည်းခံတော်မူခဲ့၏၊ မာရ်နတ် သားလည်းအခြားသူများ ကုသိုလ်ကောင်းမှု ပြုသည်ကို၊ ပျက်စီးအောင်ဖျက်ဆီး၏၊ နတ်ပြည်ခြောက်ထပ်ကို အစိုးရ သော မိမိ၏ စည်းစိမ်ကို အလှူကြီးပေးခါ လုမည့်ကို များစွာဖိုးရိမ်လေ၏၊ ထို့ကြောင့် အလှူပေးတိုင်း ပေး တိုင်း ဟန့်ကွက်ဖျက်ဆီးလေသည်၊ အရှင်ဥပဂုတ်သည် နှိမ်နင်းတော်မူခဲ့သဖြင့် ယခုတိုင်အောင် အရပ်တိုင်း အရပ်တိုင်း ရှင်ဥပဂုတ်ကို ကိုးကွယ်ကြလေသည်။

အလှူအတန်းပြုလုပ်၍ အရှင်ဥပဂုတ်ကို ပင့်ရာဝယ်၊ မိမိတို့၏ ရပ်ရွာထုံးစံအတိုင်း ပြုလုပ်ခြင်းကို ပယ်ဖျက်ရ မည်ဟုမဆိုလို၊ သို့သော်လည်း စိတ်သာရှင်စေ-ဘုရား ဟောဆိုသောအတိုင်း ဝန်မလေးဘဲ ပင့်နည်းကိုကား မှတ်သားထိုက်သည်ဟုထင်မိပေသည်။

သီဟိုဠ်ကျွန်း- မဏ္ဍလအမည်ရှိသော မြို့ကြီး၌၊ တိဿ အမည်ရှိသော-ပန်းဘဲသမားသည်၊ ညချမ်းအခါ ဝက်

သားဟင်းလျာကိုချက်ပြုတ်၍ ''သီဟိုဠ်ကျွန်း၌ ရှိကြသော ရဟန္တာတို့တွင် တန်ခိုးအကြီးဆုံးသော ရဟန္တာ ကြီး ရှစ်ဦးတို့သည် နက်ဖြန်နံနက် အာရုံတက်တွင် ကျွန်ုပ်၏ ချက်ပြုတ်ထားသော ဝက်သား ဟင်းလျာနှင့် ဆွမ်းကွမ်း များကိုဘုန်းပေးတော်မူရန် ကြွလာတော်မူပါဘုရား''ဟု လက်အုပ်ချီမိုး၍ အိမ်ကနေပြီးပင့်လိုက်ရာ ရဟန္တာအရှင် မြတ်တို့သည် ဒိဗ္ဗသောတ အဘိညာဏ်ဖြင့်ကြားတော်မူ၍ အသီးသီး ဒါယကာတိဿ၏ နေအိမ်သို့ ကြွလာတော်မူ ကြောင်းကို မဟာဝင်ဝတ္ထု - သာလိကုမ္ဘာရဇာတ်တွင် ထင်ရှားရှိလေသည်။ ထို့ကြောင့် မြင်းထဲ–ချောင်းထဲသို့ သွားပင့်မှသာမဟုတ် စိတ်ဖြင့်အိမ်ကပင့်လျှင်လည်း ဖြစ် နိုင်လေသည်။

ရှင်ဥပဂုတ်သည် တောင် သမုဒ္ဒရာထဲတွင် ကြေး ပြာသာဒ်နှင့်စံနေတော်မူသည်ကို အကြောင်းပြု၍ ရှင်ဥပ ဂုတ်ကိုယ်တော်မြတ်ကို ဆွမ်း, ဆီမီး, တံခွန်, ကုက္ကား, မုလေးပွား, ကြက်လျာတိုင်တို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ပြု လုပ်ကာ ဖောင်ပေါ်တင်၍ မျှောကြလေသည်။

ထိုသို့ပြုလုပ်ကြခြင်းမှာ-ပြုလုပ်သူတို့၏စေတနာ-သဒ္ဓါ တရားသာလျှင်ဖြစ်၏။ ရှင်ဥပဂုတ်ဖောင်မျှောလိုက်ရာတွင် မြင်လိုက်ရသော သဒ္ဓါပသန္နစေတနာကိုသာလျှင် ထိုနေ ရာ၌ ဂရုပြုသင့်ကြပေ၏။

ထို အရှင်ဥပဂုတ်ကို ကိုးကွယ်သော အရပ်မှာကား နတ်ဆိုး-နတ်ကြမ်းများ မဘမ်းစားနိုင်ခြင်း၊ သူရဲ တစ္ဆေ

မြေဘုတ်ဘီလူးတို့ အထူးမဘမ်းစားနိုင်ခြင်း၊ကပ်သုံးပါးလွတ်၍ကောင်းကျိုးချမ်းသာ-မင်္ဂလာအပေါင်းနှင့် ပြည့်စုံခြင်း၊မကောင်းသော ရောဂါအန္တရာယ်တို့သည် ကင်းစင်ပပျောက်၍ စိတ်ချမ်းသာခြင်း, ကိုယ်ချမ်းသာခြင်းနှင့် တို့တွေ့ကြုံရမည်၊ထို့ကြောင့် ထိုအရှင်ဥပဂုတ်ကို အထူးသဖြင့် အားထားယုံကြည် မှိဝဲဆည်းကပ် ကိုးကွယ်ကြစေသတည်း။

ထိုသို့သော တန်ခိုး ဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော အရှင်ဥပဂုတ်အကြောင်းအထ္ထုပ္ပတ္တိကို သိသင့်, သိထိုက်, သိအပ်သဖြင့် မှတ်သင့်,မှတ်ထိုက်သည်အားလျော်စွာ၊ ကျမ်းအစောင်စောင်တို့မှ ညှိနှိုင်း ထုတ်နှုတ်၍ မကျဉ်းမကျယ်, အလယ်, အလတ် တို့တိုတုတ်တုတ်နှင့် ပေါင်းချုပ်၍ပြပေဦးအံ့။

........:၀:........

# ရှင်ဥပဂုတ်မယ်တော်

ရာဇဂြိုဟ်ပြည်၏ အနီး၊ တံငါရွာမှ - တံငါသည်တို့သည်မိမိတို့ပရိယေသနဝမ်းစာအတွက်၊ ငါးများကို ဘမ်းကြရာ၊တနေ့သောအခါ၌ ရွှေရောင်ကြီး သုံးတန့်ကဲ့သို့၊ တပြောင်ပြောင်တလက်လက်ရှိပြီး။ အလွန်ကြီးသော ငါးကြီးတကောင်ကို၊ ပိုက်ထဲတွင်မိကြရာ၊ ၎င်းငါးကြီးကို ရေမှဆယ်တင်ပြီး၊ ကုန်းပေါ်တွင်၌ ခေါင်းကိုဖြတ်၍၊ ပွဲချင်းပြီး သတ်လိုက်ကြရာ၌ ငါးကြီးမှာ ခေါင်းပြတ်၍နေသော်လည်း။ ဝမ်းထဲကမိုလှိုက်-မိုလှိုက်နှင့် ဖြစ်နေသဖြင့် ဧကန္တ-ဒီငါးကြီးဟာတခုခုကို မျိုထားပြီထင်တယ်၊ အထဲကဟာကလေးကိုမသေအောင်ခွဲကြပါဟု—တံငါသည်ကြီးကပြောသဖြင့်၊ အထူးဂရုစိုက်၍ခွဲကြရာ၌ အသက်ရှင်လျက်၊ ဖြူဖြူဖွေးဖွေး-လှလှပပ၊ ဝဝတုတ်တုတ်နှင့်၊ မိန်းကလေးကို တွေ့ကြသဖြင့် ဝမ်းသာအားရ—ရေမိုးချိုးကြပြီးလျှင်၊အိမ်သို့ယူဆောင်သွားကြလေ၏။

"ဘုရင်အား - ဆက်ကြခြင်း"

အိမ်သို့ရောက်သောအခါ။ လွန်စွာထူးဆန်းသဖြင့်၊ ဆုလာဘ်များရလိမ့်မည်ကို မျှော်လင့်ကြ၍၊ ရာဇဂြိုဟ်ပြည့်ရှင်ဘုရင်မင်းကြီးအား ဆက်သကြရာ၌ ဘုရင်မင်းမြတ်

သည့် မြင်သည်နှင့်တပြိုင်နက် မေတ္တာသက်ဝင် လွန်ချစ်ခင်ပြီး ရင်၌ဖြစ်သော သွီးရတနာကဲ့သို့ ပွေ့ဖက်ချီမြှောက်ယုယခါ လွန်စွာဝမ်းသာတော်မူ၍ မြှူခြင်း-ချော့ခြင်းကိုပြုလေ၏။ တံငါသည်ကြီးအားလည်း များစွာသော ဆုလာဘ်များကို ပေးလိုက်၏။

## "ငါးပုတ်နံ့ ကြောင့်-မခံနိုင်ကြခြင်း"

ဘုရင်မင်းမြတ်သည် ချစ်လှစွာသော- သွီးတော်ကလေးအား ငါး၏ဝမ်းထဲမှ ရသဖြင့် (မစ္ဆဒေဝီ)ဟု မှည့်ခေါ်ခါ အထိမ်းတော် အရံတော်တို့နှင့် ထိန်းသိမ်းစောင့်ရှောက်စေ၏။ မစ္ဆဒေဝီသည် အစဉ်အတိုင်းကြီးပြင်းလာရာ၊ အရွယ်အားဖြင့် ၁၅-နှစ် ၁၆-နှစ်သို့ ရောက်သောအခါ နတ်ကညာကဲ့သို့ လွန်စွာလှပသော ရုပ်ဆင်းအင်္ဂါနှင့်ပြည့်စုံလေ၏။ သို့သော်လည်း ရှေးဘဝကတခြားသူတို့အား အလွန်ညှီနံ့သော ငါးပုတ်ရေတို့ဖြင့် ပက်ခဲ့ဘူးသော မကောင်းမှုကံကြောင့် မစ္ဆဒေဝီကလေးနှင့် အတူယှဉ်ပြိုင် မထိုင်နိုင်ကြဘဲ ငါးပုတ်နံ့ကြောင့်-အလွန်တရာမခံနိုင်ဘဲ ဖြစ်ကြလေသည်။

မင်းကြီးလည်း သမီးတော်ကို ချစ်မြတ်နိုးသော်လည်း ဆိုးဝါးလှသော ငါးပုတ်နံ့ကြောင့် အောင့်ဂလီဆန် ရှုံ့အန်မူးနောက်ခါ တခါတည်း မကြည့်ချင်အောင် ဖြစ်၍ သွားလေသည်။

"သမီးတော်ကိုဖေါင်နှင့်မျှောခြင်း"

ထို့ကြောင့်-သမီးတော်အား မချစ်ခင်နိုင်ဘဲ၊ ဖေါင်နှင့်တင်၍၊မြစ်ပြင်တွင် အမျှောခိုင်းရလေတော့သည်။ (၎င်းနေရာ၌၊ အချို့သော ကျမ်းဂန်တို့မှာ၊ မစ္ဆဒေဝီအား ဖေါင်နှင့်တင်၍မျှောလိုက်ရာ၊ မင်းနေပြည် အသီးသီးတို့ ရောက်၍၊ဆယ်ယူကြပြီးလျှင်၊ အဆင်းအင်္ဂါကို မက်မောခါ၊ မိဖုရားမြှောက်ကြရာ၊ ဆိုးဝါးသော ငါးပုတ်နံ့ကို မခံနိုင်ကြဘဲ၊ မြစ်ထဲသို့သာ အစဉ်အတိုင်း-ပြန်၍မျှောပစ်ကြသည်ဟု-ပါရှိလေသည်)။

"ဥပရသေ့ကြီးနှင့်တွေ့ခြင်း"

မစ္ဆဒေဝီကို ဖေါင်ဖြင့်အစဉ်အတိုင်း မျှောလိုက်ရာ၊ တခုသောတောင်ကမ္ဘာယံ၌၊ ဥပအမည်ရှိသော ရသေ့တဦး တရားအားထုတ်ရာအနီးသို့ ရောက်သွားလေ၏။

ဥပအမည်ရှိသော-ရသေ့ကြီးသည်၊ ဖေါင်ဖြင့်မျှော၍လာသော မစ္ဆဒေဝီအား၊ ဆယ်တင်၍၊ သင်္ခမ်းကျောင်းသို့ ခေါ်ဆောင်သွားပြီး၊ သစ်သီး ဝလံများကို ကျွေးမွေးလေ၏၊

"ပဋိသန္ဓေတည်ခြင်း"

ဥပအမည်ရှိသောရသေ့ကြီးနှင့် နေ့ရော-ညဉ့်ပါ၊ နှီးစပ်၍၊ ဥပအမည်ရှိသောရသေ့ကြီးက၊ကာမစ္ဆန္ဒနီဝရဏာဖြင့်၊ တပ်စွမ်းငြိတွယ်ခြင်း မရှိသော်လည်း၊ ပုထုဇဉ်အ

နုကလေးဖြစ်သော၊ မန္တဓေပိကမှုကား။ မြင်ရဘန်များခြင်းဖြင့်။ ဥပအမည်ရှိသော ရသေ့ကြီး၏ ရုပါရုံကို တပ်နှစ်သက်ခြင်း၊ အောင်မြင်လှစွာသောရသေ့ကြီး၏အသံကို အစဉ်မပြတ်ကြားရခြင်း။ အဗိုတည်းဟူသောယောကျ်ား၏အနံ့ကိုရခြင်း၊ ဝတ်ကြီး, ဝတ်ငယ်ပြုခြင်း၊ နှင်းနှိပ်, ကြွပ်နယ်ခပေးရခြင်းစသော ဖေါဋ္ဌဗ္ဗ အတွေ့တို့နှင့်တကွ။ အာသာသဆန္ဒအဝဝတို့ကြောင့်။ လောကဓမ္မတာ၊ နှစ်ဖြာတူနှဲ့။ မေတ္တာပွဲ မဆိုရသော်လည်း၊ လောကီဘုံ အလျောက်။ ပွင့်ဘြောက်ဝေဆာ၊ ဘဝါ ဘဝ။ ကံပစ်ချတိုင်း၊ ချစ်လှစွာသော သားတယောက်ကို၊ ပွားပေါက်ပေါ်ရန်၊ ဧရးဘုန်း ဧရးကံကြောင့်၊ သန္ဓေကိန်းအောင်း၊ ဥပဂုတ်အလောင်းကိုအခါကောင်း, နက္ခတ်အကြိုတွင်၊ လူ့ဘုံ၌ စွဲကပ်တည်လေ၏။

ပဋိသန္ဓေတည်နေရခြင်းသည်ကား၊ မိန်းမ ယောကျ်ားနှစ်ဦးသားတို့၊ ဆပွားမေတ္တာ၊ ဓမ္မတာ ခိုလှုံသော၊ ကာမဂုဏ်ကြောင့်သာ ပဋိသန္ဓေ တည်နေရသည် မဟုတ်၊ အကြောင်း၅စ်ပါးတို့ကြောင့်၊ သားသွီးကိုရစေနိုင်၏။

### "သား၁သွီးရခြင်းအကြောင်း ဂ—ပါး"

မိဘနှစ်ပါး၊ သွားလာညားဝ၍၊ ခညား
ကိုယ်ဝန်။ မေထုန်၌၊ သုက်လွန်လူးခါ။
အဝတ်မှာကို၊ ဗုတ်ထာဖွတ်ကြ၊ စောင့်ကြ
တည့်၊ လက်က ကိုယ်ကို၊ သုံးသပ်လိုမှု၊

အဆိုသံသက်၊ ချက်ကိုသုံးသပ်၊ နာဘိမှတ်
သော၊ ကောင်းမြတ် အဆင်း၊ မြင်ခြင်း
ရူပါ။ ကြွားရာ အသံ၊ နံပြန်ဂန္ဓ၊ ဖောဋ္ဌဗ္ဗ
တွေ့၊ အာရုံငွေ့ကြောင့်။ ဝေလေ့ဓမ္မတာ။
မေတ္တာသုကြွ။ သန္ဓေရသည်၊ ဂဗ္ဘတည်
ကြောင်း ရှစ်ပါးတည်း။

ဟု-ဆိုသောအတိုင်း၊ မိဘနှစ်ပါးတို့၊ ကာမဂုဏ်မှီခဲ သဖြင့် ရသော ကိုယ်ဝန်ကို-မေထုန သံဝါသ, ကိုယ်ဝန် ဟုခေါ်၏။ ယောက်ျားတို့၏ သုက်လူး၍နေသော အဝတ် ကို။ မိန်းမတို့၏ ပါးစပ်ဖြင့် စုတ်ယူ၍ရသော ကိုယ်ဝန်ကို စောဋ္ဌက, ကိုယ်ဝန်-ခေါ်၏။ ကိုယ်လက် သုံးသပ်၍ ရ သောကိုယ်ဝန်ကို-ကာယသံသဂ္ဂ, ကိုယ်ဝန်ခေါ်၏။

ဒုကုလ ရသေ့ကြီးသည်၊ ပါရိက - ရသေ့မကြီး၏ ချက်ကို လက်ျာ လက်ညှိုးဖြင့်၊ သုံးကြိမ်မျှ ရစ်ရုံမျှနှင့် ဘုရားလောင်းသုဝဏ္ဏသျှံ ကို ရခြင်းသည်၊ နာဘိပရာ မသနံ, ကိုယ်ဝန် ခေါ်၏။ ဘုရားလောင်း မာတင်္ဂသည်၊ မယားဖြစ်သူ-မင်္ဂလိကာ၏ချက်ကို လက်ဖြင့် သုံးသပ်ခါ မျှဖြင့် မဏ္ဍဗျသတို့သားကို ပဋိသန္ဓေတည်၏။ မျိုးတို့ သည်-အားလုံး မျိုးမချည်းသာ ဖြစ်ကြ၏။ ရိယ်းသံ လေသံ တို့ကို အမှီပြု၍ ကိုယ်ဝန်တည်ကြကုန်၏၊ ထိုသို့ သော အကြောင်းတို့ကို ထောက်၍။ မဏ္ဍဗ္ဗဒေဝီနှင့် ဥပ အမည် ရှိသော ရသေ့ကြီးသည် ဖေါက်ပြန် မှားယွင်း

တရားကင်း၍ ဖြစ်မှားခြင်း မရှိသော်လည်း၊ အဆင်း အသံ-အနံ့ တို့ကြောင့်၊ ပဋိသန္ဓေ ရသည်ကိုကား၊ ယုံ မှားစရာမရှိကြတော့ချေ။

## ရှင်ဥပဂုတ်ကိုဘွားခြင်း

မန္တဒေဝီသည်၊ မိမိ၌ပဋိသန္ဓေရှိကြောင်းကို၊ ရသေ့ ကြီးအား ပြောကြားသော အခါ၊ ရသေ့ကြီးသည် "ကောင်းပြီ" ထိုသို့ပဋိသန္ဓေရှိနေလျှင်၊ ငါသည် စောင့် ရှောက်အံ့၊ ချမ်းသာသလိုသာ ပျော်ပျော် ရွှင်ရွှင် နေ လော"ဟု ပြောကြား၍ မန္တဒေဝီအတွက်အပင်ပမ်းခံ၍ သစ်သီးဝလံ-ရှာကြံခါ - ကျွေးမွေး လေ၏၊ အချိန်စေ့ ရောက်သော အခါ၊ မန္တဒေဝီတွင်-သားတော်ကလေး ဘွားမြင်လေ၏၊ ဥပ အမည်ရှိသော ရသေ့ကြီး စောင့် ရှောက်အပ်သောကြောင့် ၎င်းသားကလေးကို ဥပဂုတ္တ ဟု-မှည့်ခေါ်လေ၏။

ဥပဆိုသည်ကား၊ ရသေ့ကြီး၏ အမည်တည်း၊ ဂုတ္တ သဒ္ဒါကား၊ စောင့်ရှောက်ခြင်းတည်း၊ ထိုကြောင့် သတို့ သားကလေးကို ဥပဂုတ္တဟု မှည့်ခေါ်၏။

## ရှင်ဥပဂုတ်၏စိတ်နေသဘောထား

ဥပဂုတ်သတို့သားကလေးသည် အလွန် အရုပ်ဆိုး၏၊ စိတ်ကြမ်းတမ်း၏၊ မည်းနက်သော အသားနှင့် သူတပါး ကို နှိမ်နင်းလိုသောစိတ်ရှိ၏။ အကြမ်းမှုကို အနူနှင့်သာ အောင်စေရာ ဟု သဘောမထား၊ သူမာလျှင် ငါသံ

ချောင်း၊ သူပြောင်းက ငါပြော့မယ်ဟု သဘောထား၏။ တောဖျားမြိုင်စုံ, ရဂုံကန္တားယံမှာ၊ ကျားသံ,ဆင်သံ,မာန်မဲသံတို့ဖြင့်၊ ဟိန်းသံ၊ ဟောက်သံ၊ မာန်မဲသံတို့ကို၊ အတန်တန်ကြားရပြီး၊ ဥပရသေ့ကြီး၏တရားသံ,ကမ္မဋ္ဌာန်းသံတို့ထက် ပိုလျှံနေသောကြောင့်၊ မျက်မာန် ကြမ်းကြုတ်၊ ဒေါသငုတ်နှင့်၊ ညစ်ပုပ်သော မျက်နှာကြီးလည်း ရှိပေ၏။

နေရပ်ဌာန်သို့ အပြန်နှိုင်းခြင်း

ဥပရသေ့ကြီးသည် နေမြင်-လမြင်၊ ဗေဒင်ကျမ်းမြတ် တတ်သိလိမ္မာသောသူဖြစ်၍ မိမိအထံမှာ နေသည်ထက် မန္တဒေဝီ၏ နေရင်းရပ်ဌာန်ကို ပြန်လည်က ပိုမိုထူးမြတ်၍ ဘုန်းလာဘ် ရှင်မြိုး၊ တန်ခိုးကြီးကြမည့်ပြင် ယခုပစ္စုပ္ပန်ဘဝမှာပင် ခီဏာသဝ၊ ဆဋ္ဌာဘိညာ၊ ရှစ်ဖြာသမာပတ်တို့ဖြင့်၊ အမြတ်ဆုံးဖြစ်သော ရဟန္တာဖြစ်မည်ကိုမြင်တော်မူ၍ သားနှင့်ဇနီးတို့အား တိုင်းပြည်ကြီးနေရပ်ဌာန်သို့ ပြန်ကြရန် ပြောကြားလေ၏။

တိုင်းပြည်သို့ ရောက်ခြင်း

မန္တဒေဝီနှင့် သားဥပဂုတ္တတို့လည်း ဥပရသေ့ကြီး မိန့်ကြားချက် အရ တောကြီး- တောင်ကြီး- မြိုင်ကြီး ကန္တားယံတို့ကို အတန်တန်ကျော်ဖြတ်၍ မြစ်ညာ အရပ်သို့ တက်ဆန်လာကြရာ၊ ချောမောစွာပင် ရာဇဂြိုဟ်ပြည်ကြီးသို့ ရောက်ကြလေ၏။

သမီးတော် ပြန်လာကြောင်း သတင်းကောင်း ကြား ရ၍ အဓ-ရာဇပြိုဟ် ဘုရင်မင်းကြီးသည် သမီးတော်ကို ထွက်၍ကြိုရာ သားတော် ပါလာသဖြင့် လွန်စွာ ဝမ်း သာ အားရ ဖြစ်တော်မူလေ၏။ ဘုရင်မင်းမြတ်ကြီးသည် အသက် အရွယ် ကြီးရင့်-သေပန်းပွင့်၍ မကြာမှီပင် နတ် ရွာ လားရတော့မည့်အရွယ် ဖြစ်လေ၏။

ဥပဂုတ်ကိုထီးနန်းတင်ခြင်း

မင်းကြီးသည် သမီးကို ချစ်မြတ်နိုး၍ အမျိုးမျိုးသော အဆောင်အရွက်တို့ကို ပြန်၍အပ်နှင်းပြီးလျှင် သားတော် ကြီး ဥပဂုတ္တအား ထီးနန်းကိုအပ်နှင်းရန် စီမံ ခန့်ခွဲ၍ နေ လေ၏။

ထိုသို့ စီမံခန့်ခွဲပြီးလျှင် ချစ်လှစွာသော ဥပဂုတ်အား ထီးနန်း လွှဲအပ်၍ ဘိသိက်ပွဲကြီး ပြုရန် မန္တဒေဝီအား ခေါ်၍ ပြောရာ မန္တဒေဝီကား၊ ဥပရသေ့ကြီး၏ ပြော ကြားချက်အရ၊ မိမိ၏သားကို ထီးနန်းမတင်လို၊ သံသရာ မှ ထွက်မြောက်ရန် နိဗ္ဗာန် တရားကိုသာ အားထုတ်၍ လောဘုတ္တရာဘက်သို့ ပို့လိုကြောင်းနှင့် ပြောပြလေ၏။

ဥပဂုတ်ကို နတ်မင်းကြီးဆောင်ကြဉ်းသွားခြင်း

ထိုသို့ မင်းကြီးနှင့် သမီးတော်- သားတော်ကို ချစ်ခင် ပြီး နန်းတင်မည်- ရဟန်းပြုစေမည်ဟု နှစ်လီ နှစ်ဘက် လု၍နေကြလေ၏။ ထိုသို့လုရာ၌ မင်းကြီးကား၊ မန္တဒေဝီ

ထက် အရောရောမှာ မနိုင်းယှဉ်နိုင်အောင် အားကြီးသော ကြောင့် ဥပဂုတ်သတ္တိသားသည် မင်းကြီးဘက်သို့ ပါရမည်ကား မလွဲတည်း။ မင်းကြီး၏အလိုနှင့်ငံသို့ လိုက်ပါ၍ ထိုးနန်းစည်းစိမ်ကို ခံစားနေရပါမူကား၊ ကာမဂုဏ်တွက် တွင်းဝယ်၊ ကျွံနစ်၍ ဘယ်နှစ်နှစ်၊ ဘယ်နှစ်လ မြောပါး၍ နေရမည်လည်းမသိ။ အရဟတ္တဖိုလ်၏ အနှစ်အရသာကို မခံစားရဘဲ ငါးပါးအာရုံ၊ ကာမဂုဏ်ကို၊ ခုံမင်နှစ်သက်၊ မစွါရက်အောင်၊ တပ်မက်နေကာ၊ အကျိုးမရှိ အချည်းနှီး နေ့ရက်ကုန်မည်ကို မြင်သဖြင့် သမာဓေဝ နတ်မင်းကြီး တယောက်သည် ကိုယ်ရောင်ကိုယ်ဝါတို့ဖြင့် ပေါ်ပေါက်လာပြီးလျှင် ဥပဂုတ် သတ္တိသားအား ပင့်မြှောက်ခါ ကောင်းကင်ထက်သို့ ဆောင်ကြဉ်း၍ သွားလေ၏။

ကောင်းကင်ယံတွင်

## ရဟန္တာဖြစ်သွားခြင်း

ထိုသို့ နတ်မင်းကြီး ဆောင်သွားသောအခါ၊ ဥပဂုတ် သတ္တိသားသည် မိမိအား နတ်သိကြား ပင့်ဆောင်၍သွားမှန်းကို သတိထားမိသောကြောင့် မကောင်းသဖြင့် စိတ်ထားက ကောင်းကင်မှလွှတ်ချလျှင် အကျိုးမဲ့ သေရတော့မည်၊ ကောင်းမွန်သောစိတ်မနသိဖြင့် အလီလီသော ဇမ္ဗူဒွာန်းကို ကြိုးပမ်းအား ထုတ်က ကောင်းကင်ဖျားမှလည်း လွှတ်ချမည်မဟုတ်၊ လွှတ်ချ၍ သေရသော်လည်း သေရကျိုးနပ်၏ဟု အောက်မေ့စိတ်ကူးခါ-

ခယဝယသဒ်ါရာ-ဟု

ဖြစ်တတ် ပျက်တတ်သော သင်္ခါရ တရားကို အား ထုတ်ရာ ကောင်းကင်ယံတွင်ပင် ရှစ်တန်သော သမာ ပတ် ခြောက်ရပ်သော အဘိညာဏ်ဖြင့် တိမ်ယာဉ်ကို စီး နင်း၍ အာသဝေါကုန်ခန်းခြင်းသို့ ရောက်လေ၏။

## ကြေးပြာသာဒ်ကြီး ပေါ်ပေါက်လာခြင်း

ထိုအခါ ဆောင်ယူလာသော နတ်မင်းကြီးသည် ဥပ ဂုတ်အား ရဟန္တာဖြစ်သည့်ကိုသိရ၍ ထမ်းဆောင်ထား သောကိုယ်ကို လွှတ်လိုက်လေ၏။

ရှင်ဥပဂုတ် ရဟန္တာသည် ကောင်းမြတ်သော ဈာန် ချမ်းသာဖြင့် ကောင်းကင်ယံတွင် လူးလာဆန်တက်၊ ငှက် များသည့်သို့ ဈာန်၊ ဈာန်ယာဉ်ပျော်မွေ့၊ ချမ်းမြေ့ ချမ်းစွာ ဈာန် သုခကို ခံစားနေလေ၏။

ထိုသို့ ဈာန်ချမ်းသာကို ခံစားနေစဉ် အောက်အရပ်ကို ကြည့်လိုက်သောအခါ၊ မြေပြင်မရှိ၊ ရေပြင်အတိ ပင် လယ်သမုဒ္ဒရာကြီး ဖြစ်နေသည်ကို သိရလေ၏။ ထိုသို့ ရှင် ဥပဂုတ်ရဟန္တာ ကြည့်လိုက်သော တခဏ၌ မိမိ၏ဘုန်း ကံကြောင့် ပင်လယ်အတွင်းမှာ ကြေးပြာသာဒ်ကြီး ဖြစ် ၍နေသည်ကို သိရပြန်လေ၏။

အရှင်ဥပဂုတ်သည် ထိုပြာသာဒ်ကား၊ ငါ၏ ရှေး ကောင်းမှုကြောင့် အလိုအလျောက် ပေါ်ပေါက်ရသော ကြေးပြာသာဒ်တည်း။ ငါသည် ထိုကြေးပြာသာဒ်၌ပင်

ဖလ သမာပတ်ကို ဝင်စားနေတော်မူလျှက် အောက်မြေ၌ ကောင်းကင် ယံမှ ဆင်းသက်ခါ ထိုကြေးပြာသာဒ်တွင် ပင် စံနေတော်မူလေ၏။

ထို့ကြောင့် ရှင်ဥပဂုတ်ကိုယ်တော်ကို ပင့်သောအခါ မြစ်ထဲ ချောင်းထဲသို့သွား၍ ပင့်ကြရ၏။ ရှင်ဥပဂုတ် ကိုယ် တော် ကိုးကွယ်ပြီးသောအခါလည်း မြစ်ထဲ- ချောင်းထဲ သို့ ဖေါင်ဖြင့်မျှောကြ၏။ ယခုတိုင်အသက်ရှည်လျက်နိရောဓ သမာပတ် ဝင်စားပြီး နေတော်မူ၏။ နိရောဓ သမာ ပတ်မှထတော်မူတိုင်း ဆွမ်းခံ၍ ဘုဉ်းပေးတော်မူ၏။ ထိုသို့ ဘုဉ်းပေးရာ၌ မွန်းလွဲသည် မလွဲသည်ကို အမြဲမော့၍ ကြည့်လေ၏။

## ကောလာဟလ သတင်းတခု

ရန်ကုန်မြို့၊ ပုဇွန်တောင်တွင် အလွန်ဆင်းရဲလှသော အမယ်အိုကြီးတယောက်သည် နံနက်စောစော မိမိလင် သား အလုပ် သွား သော အခါ စား သောက် သွား ရန် ထမင်းချက်ထားရာ ရိုးမ်အခါ မဟုတ်ဘဲ သင်္ကန်းတော် ခြေစွပ်စိုကြီးနှင့် အရပ် ဆိုးလှသော သံဃာတော်ကြီး တပါး၊ အာရုံတက်အချိန်တွင် မိမိအိမ်ရှေ့၌ ဆွမ်းရပ်၍ နေသဖြင့် စေတနာသုံးတန်ပြဋ္ဌာန်း၍ မိမိ၏လင်သား စား ရန် ပြင်ဆင် ချက်ပြုတ်ထားသော ထမင်း ဟင်းများကို အ ကုန် လုံး လောင်းလိုက်သည် ဆို၏။ ထို ဆင်း ရဲ သော အမယ်အိုကြီး, လင်မယားသည် ၇- ရက် အတွင်းတွင်

မကြိုဘူးအောင် ကြွယ်ဝချမ်းသာလာသည်ဟုဆို၏။ ထိုသို့ ချမ်းသာခြင်းမှာ အရှင်ဥပဂုတ်အား ဆွမ်းလှူလိုက်ရ၍ဟု ယခုတိုင် ကောလာဟလ စကား ပြောကြားလျက် ရှိကြ၏။ နိဗ္ဗာန သမာပတ်မှ ထသော ပုဂ္ဂိုလ်အား လှူဒါန်းမိလျှင် ၇-ရက်အတွင်း ချမ်းသာ ကြွယ်ဝရမည်ကား အမှန်ပင် ဖြစ်ပေ ကြောင်း။

## ဓါတ်တော်ပူဇော်ပွဲ

ရှင်ဥပဂုတ် ရဟန္တာသည် အခြားသော ရဟန္တာတို့နှင့် သိတင်းမသုံးဘဲ မိမိတပါးတည်းသာလျှင် ကြေးပြာသာဒ် ကျောင်းကြီးမှာ ချမ်းသာစွာနေရာ သိရိမ္ဗော သောကမင်းတရားကြီး၏ ဓါတ်တော် ပူဇော်ပွဲ ကျမှသာ ထိုအရှင်ဥပဂုတ်၏ တန်ခိုးသတင်း ကျော်ဇောခြင်း ဖြစ်ရလေတော့၏။

ပါဋလိပုတ်ပြည်ကြီး အရှင်-ဘုရင် သိရိဓမ္မာ သောကမင်းကြီးသည်ကား၊ ဘုန်းတန်ခိုးကြီး၏။ အထက်-အောက် တယူဇနာစီ အုပ်စိုးရ၏။ အနောတတ်အိုင်မှ ရေများကိုပင် နတ်အများလာ၍ ဆက်သရ၏။ ဟိမဝန္တာတော၌ အလိုလို ပေါက်သော သလေးစပါးကို နတ်အများလာ၍ ဆက်သရ၏။ ထိုသို့ ဘုန်းတန်ခိုး ကြီးသော်လည်း ဘခင်ဖြစ်သော ဗိန္ဒုသာရမင်းကြီး ကိုးကွယ်ခဲ့သည့် တိတ္ထိ ရဟန်းတို့ကိုသာ အစဉ်အဆက် ကိုးကွယ်လေ၏။

## နိဂြောဓသာမဏေနှင့်တွေ့ခြင်း

တနေ့သောအခါ အရှေ့လေသာပြတင်းကို ဖွင့်လှစ်၍ ကြည့်ရှုလိုက်ရာ ရဟန်းတို့၏ ဇာရွိုကို စောင့်စည်းလျက် ဆွမ်းခံကြွလာသော နိဂြောဓ သာမဏေငယ်ကို မြင်လျှင် အလွန်ကြည်ညိုခြင်းဖြစ်၍ မင်းခစားတယောက်အား ညွှန်ကြား၍ ထိုအရှင်ကို သွား၍ ပင့်ချေဟု စေလွှတ် လိုက်သဖြင့် သွား၍ပင့်ရလေ၏။

ဘုရင်သိရိဓမ္မာသောကမင်းကြီးပင့်ချက်အရ နိဂြောဓ သာမဏေငယ်သည် နန်းတော်ပေါ်သို့ သပိတ်ပိုက်၍ ကြွ ဘော်မူလာရာ သိရိဓမ္မာသောကမင်းကြီးသည် 'သွေးနီး တော့ ကြက်သီးထ' ဆိုသောအတိုင်း သုမနမင်းမျိုး ကိုး ကျိပ်ကိုးတွင် အကြီးဆုံး သုမနမင်းကြီး၏ သားတော်က လေးဖြစ်သော နိဂြောဓ သာမဏေကို မြင်သော အခါ မိမိသုတ်သင်ပစ်လိုက်သော နောင်တော်ကြီး သုမနမင်း ကြီး၏ မျက်နှာနှင့် တထေရာတည်း ချွတ်စွပ် ထားသလို တူလှသဖြင့် အံ့အားသင့်၍ ကြက်သီးများ ထပြီးလျှင် နိဂြောဓသာမဏေကလေးအား ချစ်ခင်ခြင်း ဖြစ်မိလေ၏။

ထိုနောက်မှ "အသင်- သာမဏေငယ်၊ ဤနန်းတော်၌ များစွာကုန်သော ပုဂ္ဂိုလ်တို့သည် နေ့စဉ် နေ့တိုင်း ကြွလာ ကြ၏။ သင်နှင့်လျော်သော နေရာကိုကြည့်ရှု၍ သီတင်းသုံး လော့"ဟု လျှောက်ရာ၊ နိဂြောဓ သာမဏေသည် ထိုမှ-ဤမှ ကြည့်သောအခါ၊ မိမိထက် လွန်မြတ်သောပုဂ္ဂိုလ် ထိုနန်း

တော်တွင် လာမည့် မဟုတ်သည်ကို သိ၍ ထီးဖြူတော် အောက်မှ ရာဇပလ္လင်တွင်တက်၍ သိတင်းသုံးလေ၏။

မင်းကြီးလည်း အားရ နှစ်သက်၍ အရှင်သာမဏေ ငယ် အဘယ်အရပ်မှာ သိတင်းသုံးသနည်း။ သင်၏ဆရာ ကား အသူနည်း။မည်သူ၏အဆုံးအမကိုခံယူသနည်း-အစ ရှိသဖြင့် မေးမြန်းရာ ဧါယကာမင်းကြီး၊ ငါ၏ဆရာကား သဗ္ဗာလေးတန်၊ ဥဒယျံကျော်ကြူး၊ တရားထူးကို၊ အ ထူးသဖြင့် သိမြင်တော်မူသော မြတ်စွာဘုရားတည်း။ ငါ သည့်ကာမတဏှာ၊အဝိဇ္ဇာနှင့်၊မိစ္ဆာမောဟာ၊အစရှိတို့ကို၊ ပယ်ချသုတ်သင်၊ နိဗ္ဗာန်ဝင်သော၊ မြတ်စွာဘုရား၏ အဆုံး အမ၌သာအမြဲတည်နေ၍ မြတ်စွာဘုရားဟောကြားတော် မူသောအတိုင်း ကျင့်ကြံလိုက်နာ၍ နေသော သူတည်းဟု ပြောကြားရာ သိရိဓမ္မာ သောကမင်းကြီးသည် နိဂြောဓ သာမဏေငယ်ကလေး ဟောကြားသည်ကို ကြားရသည့် အခါ အလွန်နှစ်သက် ကြည်ညိုခြင်းရှိပေ၏။

## သိရိဓမ္မာသောကမင်းကြီး တရားရခြင်း

ထိုသို့ကြည်ညိုသဖြင့် "အသင် သာမဏေငယ် အသင် သိသောတရားကို ကျွန်ုပ်အားလည်း ဟောကြားတော်မူ ပါ၊"ဟု ကောင်းမွန်စွာ လက်အုပ်မိုးပြီး ရှိခိုး၍ လျှောက် ရာ နိဂြောဓသာမဏေသည် (အပ္ပမာဒေါ အမတံပဒံ၊ ပမာ ဒေါမစ္စုနောပဒံ)အစရှိသော တရားတော်ကို ဟောကြား

ရာ သီရိဓမ္မာသောကမင်းကြီးသည် ပါရမီဓါတ်ခံ ရင့်သန်ပြီး ပုဂ္ဂိုလ်ဖြစ်သည့် အတိုင်း မိမိဉာဏ်စွမ်းဖြင့် ဝေဘန်ပိုင်းခြား၍ တရားတော်ကို ဝိဇ္ဇာရအားဖြင့် ပိုမို၍ သိမြင်လေ၏။

ထိုသို့ သိသောအခါ တိတ္ထိရဟန်းတို့ ဟောကြားသော တရားမှာကား ဘာမျှမဟုတ် အကျိုးယုတ်စေတတ်သော တရားမျှသာ ဖြစ်သည်ကိုသိ၍ တိတ္ထိတို့အား လှူဒါန်းနေကြဖြစ်သော ဆွမ်းတို့ကိုဖြတ်၍ နိဂြောဓ သာမဏေယ်အား လှူဒါန်းရန် စိတ်တွင် ဆုံးဖြတ်လိုက်လေ၏။

နိဂြောဓ သာမဏေလည်း သီရိဓမ္မာ သောကမင်းကြီးအား ငါးပါးသီလ သရဏဂုံ ပေး၍ အထူးထူးသော တရားတို့ကို ဟောကြားရာ သီရိဓမ္မာသောက မင်းကြီးသည် တရားတော်ကို ယုံကြည်သက်ဝင်၍ (အဇ္ဈတ္တဂ္ဂေ ပါဏုပေတံ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ အဇ္ဈတ္တဂ္ဂေ ပါဏုပေတံ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ အဇ္ဈတ္တဂ္ဂေ ပါဏုပေတံ၊ သံဃံ သရဏံ ဂစ္ဆာမိ) အစရှိသည်ဖြင့် လျှောက်ကြား၍ အရှင်သာမဏေအား ကျွန်ုပ်သည် ဆွမ်း, ကွမ်းတို့ဖြင့် လှူဒါန်းလိုပါသည်။ နေ့စဉ် နေ့တိုင်း ဤနန်းတော်သို့ကြွ၍ ဆွမ်းရပ် တော် မူ ပါ-ဟု လျှောက် လိုက် လေ ၏။ ထိုနောက် မကြာမီပင် နိဂြောဓသာမဏေကို အကြောင်းပြု၍ ကြီးကျယ်စွာသော အသောကာရာမကျောင်းကြီးကို ဆောက်လုပ်၍ ရဟန်း- သံဃာတော် အပေါင်းတို့အား ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းတော်မူလေ၏။

## စေတီတည်ရန် လျှောက်ထားခြင်း

သိရိဓမ္မာ သောကမင်းကြီးသည် တနေ့သော အခါ အာသောကာရာမကျောင်းတိုက်သို့သွားပြီး ရဟန်းသံဃာ တို့အား ရှိခိုး၍ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ သော ဓမ္မက္ခန္ဓာတို့ကိုမေးလျှောက်ရာ ရဟန္တာအရှင်မြတ် တို့က ဒါယကာ-ရေမြေ့ရှင် မြတ်စွာဘုရားသခင် ဟော ကြားတော်မူခဲ့သော တရားတော်များမှာ ဓမ္မဝိနယ အား ဖြင့် သုံးပါး၊ နိကာယ်အားဖြင့် ငါးပါး၊ အင်္ဂါအားဖြင့် ကိုးတန်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်း လေးထောင် ရှိ သည်-ဟု မိန့်တော်မူ၏။

သိရိဓမ္မာသောကမင်းကြီးသည် သဒ္ဓါတရား ပွားများ ထက်သန်လာရကား၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေး ထောင် ရှိသည့်အတိုင်း စေတီပေါင်း ရှစ်သောင်း လေး ထောင် တည်လိုပါသည်။ ထိုစေတီတို့၌လည်း မြတ်စွာ ဘုရား၏ သရီရဓာတ်တော်တို့ကို ဌာပနာလိုပါသည် ထိုသရီရဓာတ်တော်များ အဘယ်မှာ ရနိုင်ပါမည်နည်း ဟု မေးလျှောက်ရာ ဒါယကာတော်မင်းမြတ်၊ ရာဇဂြိုဟ် ပြည့်ဘွင် အဇာတသတ် မင်းကြီးသည် ခဲယဉ်းစွာ မြေ တွင် မြှုပ်နှံ၍ထားခဲ့၏။ ထိုဓါတ်တော်များကို ဒကာတော် မင်းမြတ် တူးဖော်ရရှိ၍ စေတီများ တည်ထားကိုးကွယ်ရ လတ္တံ့-ဟု မိန့်တော်မူလေ၏။

## ဓါတ်တော်များကို ဖူးမြော်ခြင်း

အခါတသတ်မင်းသည် မြတ်စွာဘုရား၏ ဓါတ်တော်များကို မည်သည့်အရပ်တွင် မြှုပ်နှံထားခဲ့ပါသနည်း-ဟု လျှောက်ကြားရာ ရဟန်း မိန်းမ တဦးက ကျွန်ုပ်သိ၏။ ကျွန်ုပ်ကား ရှေးဖြစ်သော ရဟန္တာမကြီးများနှင့် ဆိမ်း မှု တော်ရင်း လိုက်ခဲ့ဘူးကြောင်းကို ပြောကြားရာ ထိုရဟန်း မိန်းမ၏ ညွှန်ကြားချက် အရ ဖူးမြော်ကြရာ ရှေးဦးစွာ ကျောက်အမိုးကိုတွေ့ရ၏။ ထိုနောက် သံအမိုး၊ ထိုနောက် ကြေးပြုအမိုး၊ ထိုနောက် ကြေးနီအမိုး၊ ထိုနောက် သလွဲပြု အမိုး၊ ထိုနောက် သလွဲသို့အမိုး-စသည်ဖြင့် အမိုး အဆောင့် ဆင့်တို့ကို တွေ့ရလေ၏။

## ယန္တယားရုပ်ကိုတွေ့ကြခြင်း

ထိုအမိုးတို့ကို လှန်လှောလိုက်ကြသောအခါ တံတိုင်း ၇-ထပ် အတွင်းတွင် ဝင်းဝင်းညီသော ဒါးလှံတို့ဖြင့် မ ရပ်မနားပြေးလွှားနေသောယန္တရားစက်ရုပ်ကိုတွေ့ရလေ ၏။ ယန္တယားစက်ရုပ်ကား၊ အနားသို့ မည်သူမျှ မကပ်နိုင် အောင် ဒါးစကြာ-လှံစကြာတို့ဖြင့် လည်၍နေလေ၏။ ထို အခြင်းအရာကို သိရှိမြွောသောကမင်းကြီးနှင့် လူအများ မြင်ရသောအခါ၊ လွန်စွာအံ့သြ၍ ပြောမဆုံးဖြစ်၍ နေကြ လေ၏။

ဤယန္တရားစက်ရုပ်ကို အဘယ်သူသည် ဖျက်ဆီးနိုင်မည် နည်း။ အစပဌမ ပြုလုပ်သူသည်သာလျှင် ဤယန္တရားရုပ်

ကို ရပ်တန့်အောင်ပြုလုပ်နိုင်ပေမည်၊ ထိုသူတို့၏ အဆက်အနွယ်များကို လိုက်လံရှာဖွေမှ တော်မည်ဟု ကြံစည်ကာ အသပြာ ထောင်ထုပ်ကို ဆင်ဦးကင်းမှာ တင်၍ စည်လှည့်လေရာ ပဉ္စမ စိရင်ခဲ့သော ဆရာ၏ သားမြေးထဲမှ ကြားသိရ၍ အသပြာတထောင်ကို ယူလိုက်ပြီးလျှင် မင်းကြီးထံသွား၍ ယန္တရားရုပ်ကိုရပ်တန့်နိုင်ရန် ခလုတ်သော့ချက်ကိုသိပါကြောင်းဟု လျှောက်၍ အရှိန်ပြင်းစွာ စကြာယာဉ်ပျံ၊ ဒါးလှံ ထွေးရှုပ်၊ အတင်းခုတ်နေသော မြင်းရုပ်ကြီးကို အပြီးတိုင် ရပ်တန့်စေရာ ယခုအခါ မိတ္တာပိတ်လိုက်သကဲ့သို့ တခါတည်း ရပ်တန့်၍သွားလေ၏။

ထိုသူ၏ပညာကိုလည်း မြင်ရသူများမှာ အံ့ဩ၍မဆုံးကြချေ။ ထိုယန္တရားရုပ်၏ အတွင်း၌ကား ဝင်းဝင်းတောံ ပြိုးပြိုးပြောင်၊ မိုးကြိုးရောင်ကာနဲ့၊ ပုလဲဥသဘွယ် ဆန်းကြယ်သော ဓါတ်တော်တို့ကို မြင်ကြရလေရာ လွန်စွာ ကြည်ညိုခြင်းဖြစ်ကြ၍ လက်အုပ်ထိမိုး ရှိခိုးကန်တော့၍ပင် အားမရနိုင်ကြပေ။

ဓါတ်တော် အပေါင်းတို့သည်ကား ပြောင်ပြောင် ဝင်းဝင်း အရောင်ခြင်းယှက်သန်း၍ မိုးပန်းများ သဏ္ဌာန် လျှပ်စီးပြက်ဟန်လို အတန်တန်သော ရောင်ခြည်တို့ဖြင့် ဖူးမျှော်သူတို့အား ပိုမို၍သဒ္ဓါတရားဖြစ်ရန် ကောင်းကင်ယံကို ဈာန်ကြွ၍ ရှိသမျှတို့၏ အပူဇော်ကိုလည်း ခံတော်မူလေ၏။

သီရိဓမ္မာသောကမင်းကြီးသည် ဒိတိပါမောက္ခ၊ ဖြန်းဖြန်းကြွ၍ လောကတွင် မကြုံဘူးအောင် အထူးဝမ်းမြောက်ခြင်းဖြစ်ခါ တူရိယာအစုံတို့ဖြင့် နတ်ဘုံကကျော်ကြားအောင် များပြားသော ပူဇော်ခြင်းတို့ဖြင့် ၇-ရက်လုံးလုံးပူဇော်လေ၏။

ထိုသို့ပူဇော်၍ ၇-ရက်စေ့ရောက်သောအခါ အရှင်ဘုရားတို့၊ မြတ်စွာဘုရား၏ သရီရ ဓါတ်တော်များကို ရပေပြီ၊ ထိုဓါတ်တော်များကို ဇမ္ဗူဒိပ်ကျွန်းတွင်၊ အနှံ့အပြား စေတီဘုရား တည်ထား ကိုးကွယ်၍ များစွာသောဓါတ်တော်တို့ကိုကား ဤပါဋလိပုတ်ပြည်ကြီးတွင် ကြီးစွာသော မဟာစေတီကြီး တည်ထား၍ ကိုးကွယ်လိုပါသည်၊ သို့ဖြစ်၍ ဤတူးဖေါ်ရသော ဓါတ်တော်တို့ကို မဟာစေတီကြီး တည်မည့်အရပ်သို့ ဆောင်ယူရန် သင့်လျော်ပါပြီ၊ ထိုသို့ဓါတ်တော်များကို ဆောင်ယူသောအခါ အတီး အမှုတ် အက, အခုန် ပျော်ပွဲ ရှင်ပွဲတို့ဖြင့်၊ အထူးပူဇော်ပွဲကြီး ပြုလုပ်လိုပါသည်၊ ထိုဓါတ်တော်ပင့်ပူဇော်ပွဲကြီးကို တသက်တွင်တခါ မကြုံစဘူး အထူးထူးသော ပူဇော်ခြင်းတို့ဖြင့် အားရပျော်ရှင်စွာ ပြုလုပ်ရာတွင် မာရ်နတ်သည် ဖျက်ဆီးတတ်သည်ဟု ကြားဘူးပါသည်၊ ထိုမာရ်နတ်၏ အန္တရာယ်နှင့် စေတနာကိုပျက်အောင်ဖျက်ဆီးမည့် အန္တရာယ်များကို တားဆီးပိတ်ပင်၍ ပေးတော်မူပါမည့် အကြောင်းနှင့် လျှောက်ထား

တောင်းပန်နေရာ ရဟန်းတို့လည်း ထိုအကြောင်းကြောင့် မစိုးရိမ်နှင့်ငါတို့စီမံမည်ဟု-ဝန်ခံလိုက်လေ၏။

## ရဟန္တာတို့၏ အစည်းအဝေးကြီး

တနေ့သောအခါ အာသောကာရာမ ကျောင်းတိုက်ကြီး၌ ရဟန္တာအပေါင်းတို့၏ အစည်းအဝေးကြီး တခု ကျင်းပ၍ သီရိဓမ္မာသောကမင်းကြီး၏ စေတနာကို ငဲ့ကွက်သောအားဖြင့် ဓါတ်တော်ပူဇော်ပွဲတွင် မာရ်နတ်၏ အန္တရာယ်ကို နှိမ်နင်းရန်စည်းဝေးကြရာ၊အဘယ်ရဟန္တာမှ ဟင်းတင်းဆုံးမနိုင်ခြင်းကို မပြောကြားဘဲ တပါးက တပါးသို့သာ လွှဲပြောင်း၍ တောင်းပန်ခြင်းဖြင့် သာလျှင် အချိန်ကုန်လေ၏။

## နဂါးမင်းနှင့်ဂဠုန်မင်း

ထိုရဟန္တာတို့၏ အစည်းအဝေးတွင် နဂါးမင်းကြီး တယောက်သည် လူအသွင်ဖန်ဆင်း၍ ရဟန္တာအပေါင်းတို့၏စည်းဝေးခြင်းကို နားထောင်နေရာ ကောင်းကင်ယံက ဂဠုန်မင်းသည် လူယောင်ဖန်ဆင်းနေသော နဂါးကို မြင်လေလျှင် တောင်ဟုန်ကို ပြင်းစွာခတ်၍ ထိုးသုတ်အံ့သောငှါ အသံပြုလေ၏။

## သာမဏေကလေးနှင့် ဂဠုန်ကြီး

နဂါးသည် သေဘေးကိုကြောက်လှသဖြင့် ရဟန္တာကြီးတို့၏ ခြေကိုဖက်ခါ အသက်ကိုကယ်ဆယ်ရန်ပြောရာ

ရဟန္တာကြီးတို့သည် ငါတို့မတတ်နိုင် တတ်နိုင်သော ပုဂ္ဂိုလ်ရှိကထကြွပါ၊ ဂဠုန်ရန်ကို ခုခံကြွပါဟု-အကြိမ်ကြိမ် ပြောကြားလေ၏။

သာမဏေငယ်တပါးသည် ဂဠုန်အန္တရာယ် နီးကပ်လာသောအခါ လျှင်မြန်စွာထ၍ စဝ္ဓုကျွာချာန်ဝင်စားပြီးလျှင် ဂဠုန်ကြီး လာမည့်လမ်းက ကျောက်ဖျာကြီး သဏ္ဍာန်ဖန်ဆင်း၍ ဂဠုန်ကြီးကိုတားဆီးလိုက်လေ၏။

## ဂဠုန်၏ မာန်ဟုန်

ဗျိုင်း၏နှုတ်သီး၌ ရှိသောငါးကလေးကို ကောင်းကင်ယံက သိန်း၌ဂုက်သည့် တဟုန်တည်းထိုးဆင်းခါ လုယက်သကဲ့သို့ ရဟန္တာ အရှင်မြတ်တို့၏ ခြေကို ဖက်နေသော နဂါးမင်းကို ဂဠုန်မင်းသည် ကောင်းကင်ယံက တအား သုတ်ရန်အရှိန်ဖြင့် ပြင်းစွာ ထိုးဆင်းလာရာ၊ သာမဏေကလေးဖန်ဆင်းထားသော ကျောက်ဖျာကြီးနှင့်တအား တိုက်မိ၍ ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲမတတ်ဖြစ်သွားလေ၏၊ ဂဠုန်မင်းသည် မာန်မာနမချဘဲ၊ တဖန်ကောင်းကင်ယံ ပျံတက်ခါအရှိန်ပြင်းစွာ ထိုးဆင်းလာပြန်ရာ ရဟန္တာ သာမဏေကလေး ဖန်ဆင်းထားသော ကျောက်ဖျာကြီးနှင့် သာ ရင်ဘတ်ကို ဆောင့်မိ၍နေသဖြင့် နောက်ဆုံး၌ဂဠုန်မင်းသည်၊ကြာလျှင်ရင်ကွဲ၍ သေမည့်ကို မြင်သောကြောင့် အားမတန်မာန်လျှော့ကာ စိတ်မကြေချမ်းဘဲ ထွက်သွားရလေ၏၊ ထိုအခါမှနဂါးမင်းမှာ သာမဏေကလေးအား

ကျေးဇူးတင်ပြီး ချမ်းသာစွာ မိမိနေရာနဂါးပြည်သို့ ပြန်သွားရလေ၏။

## သာမဏေကလေးကိုဒဏ်ပေးခြင်း

ထိုသို့ ဂဠုန်မင်းကြီး ထွက်ပြေးသောအခါ များစွာသော ရဟန္တာတို့သည် သာမဏေငယ်ကလေး၏သတ္တိကို သိကြသဖြင့်သာမဏေငယ်ကလေးအားအချင်းသာမဏေသင့်အား ငါတို့သည် ဂဠုန်၏ရန်ကို ခုခံရန် ပဌမပြောစဉ်က မတုန်မလှုပ်နေ၏။ ထို့ကြောင့် အသင်- သာမဏေကလေးအား ဒဏ်ပေးအံ့-ဟု မိန့်ဆိုကြ၏။

သာမဏေငယ်သည် အရှင်ဘုရားတို့ ပေးသောဒဏ်ကို အကျွန်ုပ်ခံပါမည်။ အဘယ်သို့သောဒဏ်ကို ပေးလိုပါသလဲ-ဟု လျှောက်ထားရာ......

သိရိဓမ္မာသောကမင်းကြီး၏ ဓါတ်တော်ပူဇော်ပွဲတွင် ာရ်နတ်၏ အန္တရာယ်ကို တားမြစ်ရန် သင့်ကို ဒဏ်ပေးမည်ဟု မိန့်တော်မူကြ၏။

မာရ်နတ်၏ အန္တရာယ်ကိုကား၊ ကျွန်ုပ် မတားနိုင် မာရ်နတ်သည် အလွန်တန်ခိုးကြီး၏။ အရှင်မောဂ္ဂလာန်ကိုပင် သေအောင်သတ်ရန် ကြံစည်ခဲ့၏။ အရှင်မောဂ္ဂလာန်သည် စတုဂ္ဂဈာန်အရာ၌ လွန်စွာသျှင်မြန်သော ရဟန္တာကြီးဖြစ်သဖြင့် တန်ခိုးကြီးလှသော နန္ဒောပနန္ဒ နဂါးမင်းကိုပင် ဆုံးမနိုင်၏။ မဟာပထဝီမြေကြီးကို ဖျာလိပ်လိပ်၍ သွား

ကြားတွင် ဝါးနှိုင်၏။ ကောင်းကင်ကြီးကို ထမ်းရွက် သဏ္ဍာန် လုပ်ပြီးလျှင်၊ မြင့်မိုရ် တောင်မင်းကို ထမ်းရိုး သဏ္ဍာန်လုပ်၍ လက်တဖက်ဖြင့်ဆောင်းခါ။ ထိုမှ ဤမှ လူးလာစကြံကြွနိုင်၏။ တသဲ့နှစ်ယူဇနာရှိသော သိကြား မင်း၏ ဝေဇယန္တာ ပြာသာဒ်ကိုပင် ခြေမတော်ဖျားဖြင့် သွက်သွက်ခါလှုပ်အောင် ရမ်းနိုင်၏။ ထိုသို့တန်ခိုးကြီးပါ လျက်၊ မာရ်နတ်၏ ရန်ကိုကား ခုခံတော် မမူနိုင်ပါဟု လျှောက်၏၊

## ရှင်ဥပဂုတ်ကို ညွှန်ကြားခြင်း၊

အသင်မှ-မဆုံးမ-မနှိမ်နင်းနိုင်လျှင် အဘယ်သူသည် ဆုံးမ နှိမ်နင်းနိုင်အံ့နည်း၊ ဆုံးမ နှိမ်နင်းနိုင်မည့် သူကို ညွှန်ကြားလော့ဟု-မိန့်တော်မူရာ........

သာမဏေငယ်သည် အနည်းငယ် စဉ်းစားခါ၊ မှန်လှ ပါ၊ တောင်သမုဒ္ဒရာအတွင်းဝယ်ကြေးပြာသာဒ်နှင့်စံစား ၍ နိရောဓ သမာပတ် မပြတ် ဝင်စားနေသော အရှင် ဥပဂုတ်သည်၊ မာရ်နတ်ကိုဆုံးမနိုင်ပါလိမ့်မည်၊ မာရ်နတ် မင်းကို အရှင်ဥပဂုတ်မှသာ ဆုံးမနိုင်မည့် အကြောင်းကို မြတ်စွာဘုရားလည်း ညွှန်ကြားတော်မူခဲ့ပါသည်၊

## ရှင်ဥပဂုတ်၏အတိတ်ကုသိုလ်

အရှင်ဥပဂုတ်သည်၊ အတိတ် ဘဝက ရာဇဂြိုဟ်ပြည် တွင် ပိယဒဿီ အမည်ရှိသော သူဌေးသား ဖြစ်ဘူးပါ သည်၊ မြတ်စွာ ဘုရားသည်၊ ရာဇဂြိုဟ်ပြည်တွင်းတွင်

ဆွမ်းခံဝင်တော်မူသောအခါ ဗိုလ်ဒသ^အမည်ရှိသော သူဋ္ဌေးသားကလေးသည်၊ အပေါင်း အပေါ် ကလေး သူငယ်တို့နှင့် မြေမှုန့်ကစားနေကြရာ၊ မြတ်စွာဘုရားကို မြင်လျှင် လှူချင်, တမ်းချင်သော သဒ္ဓါတရား ဖြစ်ပြီး။ ကလေးတို့ ဘာ၁ဝ၊ မိမိ ကစား နေသော မြေမှုန့်ကိုပင် မြတ်စွာ ဘုရား၏ သပိတ်ထဲသို့ လှူလိုက်ရာ၊ မြတ်စွာ ဘုရားသည် ထိုသူငယ်ကလေး၏ သဒ္ဓါ တရားကို ချီး မြှောက်သောအားဖြင့် မြေမှုန့်ကို အလှူခံတော် မူလေ၏။

အလှူခံပြီးသော အခါ ပြုံးတော်မူသဖြင့် ညီတော် အာနန္ဒာက-လျှောက်ထား မေးမြန်းရာ၊ချစ်သား အာနန္ဒာ ဤသူငယ်ကလေးသည်၊ မြေမှုန့် လှူရသော ကုသိုလ် ကြောင့် နတ်ပြည်၌ နတ်၏ စည်းစိမ်ကို ခံစားပြီးမှ သာသနာ သက္ကရာဇ်-၂၁၈-ခုသို့ ရောက်သောအခါ ပါဋလိ ပုတ်ပြည် သိရိဓမ္မာသောကမင်းကြီး၏ ဝါတ်တော် ပူဇော်ပွဲလွှင် မာရ်နတ်သားဖျက်ဆီးရာ ဤသူငယ်ကလေး သည် ဥပဂုတ် အမည်ရှိသော ရဟန္တာကြီး ဖြစ်ပြီးလျှင် နိုင်နင်းအောင်ဆုံးမတော်မူလတံ့ဟု၊ဗျာဒိတ်ထားတော်မူ ခဲ့ပါသည်။ ထို့ကြောင့်- အရှင် ဥပဂုတ်သည် သာလျှင် ဆုံးမနိုင်မည် ဖြစ်ပါကြောင်း လျှောက်ထားလေ၏။

## အရှင်ဥပဂုတ်ကို အပင့်သွားကြခြင်း

ထိုသို့- သာမဏေကလေး၏ လျှောက်ထားချက်အရ သင့်လျော်သော ရဟန္တာကြီး နှစ်ပါးကို ရွေးချယ်၍

အရှင်ဥပဂုတ်အား သွား၍ ပင့်ကြရန် စေလွှတ်ကြရာ ရဟန္တာကြီးနှစ်ပါးသည် အဘိညာဏ်တန်ခိုးဖြင့်ရေလျှိုး ၍ အရှင် ဥပဂုတ် သီတင်းသုံးရာ တောင်-သမုဒ္ဒရာသို့ သွားလေ၏။

